မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၂ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၃၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဗီယက်နမ်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၀ခုနှစ် စက်တင်ဘာ၂ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်မင်ကျစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကော်မရှင် အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၀ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ငုယင်သီဒိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၀ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကော်မရှင် အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကော်မရှင် အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် ကော်မရှင် အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❒

ပုသိမ်-မုံရွာကားလမ်းမကြီး ဖောက်လုပ်လျက်ရှိ
ဧရာဝတီနှင့် ချင်းတွင်းမြစ်အနောက်ခြမ်းဒေသ ပိုမိုဖွံ့ဖြိုးလာမည်

➢ သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ➢ ဓာတ်ပုံမှတ်တမ်း - မိုးမြင့်လှိုင်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့လေကြောင်းလိုင်းတစ်ခုဖြင့် ရန်ကုန်မှ မုံရွာသို့ ၁၀-၈-၂၀၁၀ရက်နေ့က ရောက်ခဲ့သည်။ ယခုခရီးစဉ်သည် ပုသိမ်-မုံရွာကားလမ်းမိုင် ၄၅၀ ၅ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဧရာဝတီ-ပဲခူး-မကွေး-စစ်ကိုင်းစသည့် တိုင်းဒေသကြီးလေးတိုင်းကို ဖြတ်သန်း၍ ဖောက်လုပ်လျက်ရှိရာ အပိုင်း(၃)ဖြစ်သည့် ကန်ဒွန်းမ-မုံရွာအပိုင်းကို သတင်းဆောင်းပါး ဂုဏ်ပြုရေးသားရန် သွားရောက်ခဲ့သော လေ့လာရေးခရီးဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၂ ရက်)

ကုန်ကြမ်းသီးနှံများ တိုးမြှင့်ရရှိရေး စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်

နိုင်ငံတော်အစိုးရသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေဧကများ ရှာဖွေဖော်ထုတ်ကာ စပါးနှင့်အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။ သီးနှံအထွက်ကောင်းရေးအတွက် စိုက်ပျိုးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေဩဇာရရှိရေး ပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးရေရရှိရေးအတွက်လည်း ရေလှောင်တမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင် စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ စိုက်ပျိုးရေးကုန်ကြမ်းသီးနှံများတွင် အပါအဝင်ဖြစ်သော ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးပြီး အထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့်များကို စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးနည်းပညာများကိုပါ တောင်သူများအား ဖြန့်ဝေပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ယခင်က တစ်ဧက ဝါပိဿာ ၄၀၀၊ ၅၀၀ထွက်ရှိနေရာမှ ယခုအခါ ဝါစိုက်ခင်းတစ်ဧက ပိဿာ ၁၆၀၀ကျော် ထွက်ရှိသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါမျိုးကို စိုက်ပျိုးလျက်ရှိသည်။ ထို့ပြင် ပြည်တွင်း၌ စက်ရုံများတည်ဆောက်၍ စံချိန်မီအဝတ်အထည်များ ထုတ်လုပ်ပေးလျက်ရှိသည်။

အထည်ထုတ်လုပ်မှု၌ နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံသာမက ပုဂ္ဂလိကအထည်ထုတ်လုပ်ငန်းများကိုပါ အားပေးလုပ်ကိုင်စေလျက်ရှိသည်။ ယင်းသို့ ပုဂ္ဂလိကအထည်ထုတ်လုပ်ငန်းများ ပူးပေါင်းထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များ ပြည့်မီလာမည်ဖြစ်ပြီး သွင်းကုန်အစားထိုးမှုသည်လည်း အောင်မြင်တိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ယခုအခါ ငွေချည်(၆)ချည်မျှင်ရှည်ဝါကို ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။ ထို့အပြင် ကုန်ကြမ်းလိုအပ်ချက်လည်း ပြည့်စုံလျက်ရှိပြီး အဆင့်မြင့် အရည်အသွေးပြည့်ဝသည့် ချည်ထည်ကောင်းများထုတ်လုပ်နိုင်ရန် အခွင့်အလမ်းများလည်း ရှိနေပြီဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ရေးအတွက် နည်းပညာများနှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ကုန်ကြမ်းရရှိမှု၊ စက်မှုနည်းပညာ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ ကုန်ချောပစ္စည်းဖြန့်ဖြူးမှုတို့အတွက် ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များက နိုင်ငံတော်၏ ပံ့ပိုးကူညီမှုကို ရယူခြင်းဖြင့် အဆင့်မြင့်ချည်ထည်များကို ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိရာ၌ စိုက်ပျိုးသီးနှံများကို အရည်အသွေးပြည့်မီစွာ စိုက်ပျိုးသွားပါက တောင်သူများတစ်ဦးချင်း ဝင်ငွေတိုးလာမည့်အပြင် ပုဂ္ဂလိကစက်ရုံနှင့် နိုင်ငံတော်ပိုင်စက်ရုံများအတွက် ကုန်ကြမ်းလိုအပ်ချက်များကိုလည်း ပြည့်မီစွာဖြည့်ဆည်းသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **သစ္စာသိပြီးမှလျှပါ အပိုင်း(၂)**
၇:၃၀ ၄။ ဓမ္မပူဇာတေး
၇:၃၅ ၅။ မျိုးချစ်တပ်မတော်
၇:၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၁၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ ပျော်စံရာ** (အပိုင်း-၄၄)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားက သိုင်းသမား** (အပိုင်း-၁၁)
၂၃။ ဂီတရင်ခုန်သံ

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa သည် ဩဂုတ် ၃၁ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ နာဂစ်မုန်တိုင်းသင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်း၍ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားကြရန်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီ အစည်းအဝေး ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၄ရက် (စနေနေ့) နံနက် ၉နာရီတွင် MCEA အသင်းရုံးချုပ် စုဝေးခန်းမ ၃(က) ဘော်စင်လမ်း ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့် သုဝဏ္ဏလမ်းဆုံ သဃ်န်းကျွန်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း သဃ်န်းကျွန်းမြို့နယ်၌ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် စပ်လျဉ်းသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက သဃ်န်းကျွန်းမြို့နယ် အထက(၁)သပြေခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကျော်ဟိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးမောင်ဝင်းက လွှတ်တော်(၃)ရပ်၏ဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးငွေးမြင့်နှင့် ဦးထွန်းအေးတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းလမ်းညွှန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပို့ချကြသည်။

တက်ရောက်

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဆွေဆွေညွန့်က ပြည်သူများဆန္ဒမဲပေးပုံနှင့် မဲရုံလက်တွေ့သရုပ်ပြသခြင်းများကို လက်တွေ့ပြသ၍ ရှင်းလင်းဆွေးနွေး ပို့ချသည်။ အဆိုပါသင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသူရိန်ထွန်းနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ၃၃၁ဦးတို့ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၁၂၁)

ကတ္တရာခင်း

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မုဒုံဦး(၂)လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၂ရက်တွင် အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တာဝန်ရှိသူတို့က ထူးခြားစွာ အောင်ချက်ရာခိုင်နှုန်းမြင့်တက်လာသော အခြေခံပညာအထက်တန်းကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း

ဗီယက်နမ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၀ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဇာ ခီယမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတွင် ဇူလိုင် ၂၄ရက်က မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်ရှိ အသက် (၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ် ၈၅၀ကို မကွေးတိုင်းဒေသကြီးဦးစီးမှူး ဦးလှဒေါင်းက ရပ်ကွက်ရှစ်ရပ်ကွက်ကိုယ်စား တရော်ကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ထွန်းထံသို့ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

❍ *ကျောက်ဖုံးမှ*

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့် ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုကြောင်း။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ (ဖွဲ့ကပင်ဆောင်)တွင် လာရောက်ဝယ်ယူနိုင်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကို အမှားအယွင်းမရှိဘဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းရန် ခေါ်ယူခြင်းဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းမှန်ကန်စေဖို့ လိုအပ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းနှင့် မဲဆန္ဒနယ်များ မှားယွင်းမှုမရှိဖို့ အရေးကြီးကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ မဲရုံအနေအထားအခြေအနေ သင့်လျော်မှုရှိမရှိ ကွင်းဆင်းစစ်ဆေးကြစေလိုကြောင်း၊ သတ်မှတ်ချိန်အတွင်း အဆင်ပြေလွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လွှတ်တော်တစ်ရပ်တွင် လျှို့ဝှက်ဆန္ဒမဲပေးခန်းများ ငါးခန်းအထိ တိုးမြှင့်ထားသင့်ကြောင်း၊ ယင်းနှင့်ဆီလျော်မည့် မဲရုံအဖွဲ့ဝင်များ တိုးမြှင့်ဖွဲ့စည်းရန်လိုကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများဖြစ်သော ကော်မရှင်အဖွဲ့ဝင်များနှင့် စာရင်းဇယားများ ညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကော်မရှင်အတွင်းရေးမှူးများက လုပ်ငန်းဆိုင်ရာများကို အသီးသီးဆွေးနွေးတင်ပြကြပြီး ကော်မရှင်အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများ ညှိနှိုင်းဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

ကမ္ဘာကြီးမြင်ကွင်းကို အာကာသမှ မြင်တွေ့လိုသူများ

ဒုံးကျည်ထိပ်ဖူးကိုစီး၍ လေ့လာနိုင်တော့မည်

သတင်းမှတ်စု- အာကာဟိန်း

ကိုပင်ဟေဂင် စက်တင်ဘာ ၁

ဒုံးကျည်ထိပ်ဖူးသဏ္ဌာန်ပြုလုပ်ထားသည့် ဒုံးပျံယာဉ်တစ်စင်းအတွင်း လူနှင့် ပုံစံတူအရုပ်တစ်ရုပ်ကို ထည့်သွင်းကာ အာကာသအတွင်း လွှတ်တင်မည့် ခရီးစဉ်တစ်ရပ်ကို ဒိန်းမတ်နိုင်ငံမှ ဒုံးပျံယာဉ်သုတေသနပညာရှင်များက စတင်စမ်းသပ် ပျံသန်းတော့မည်ဖြစ်သည်။

လွှတ်တင်မည်

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ ဆိပ်ကမ်း၌ ဒုံးပျံပစ်စင်တွင် ဒုံးပျံယာဉ်ကို အာကာသသို့ ပစ်လွှတ်ရန် အသင့်အနေအထား ရှိနေပြီဖြစ်သည်။ ဗြိတိန်နိုင်ငံမှ အထူးစီမံပြုလုပ်ထားသော လူပုံသဏ္ဌာန်အရုပ်ကို ဒုံးပျံထိပ်ဖူးအတွင်းသွင်းထားပြီး အာကာသသို့ လွှတ်တင်မည်ဖြစ်သည်။

ရောက်ရှိမည်

လူရုပ်တုပါဝင်သည့် ဒုံးပျံထိပ်ဖူးယာဉ်တွင် ဦးခေါင်းပိုင်း၌ ဖိုက်ဘာအကြည်ပြားကို ဖုံးအုပ်ထားသဖြင့် ကမ္ဘာကြီးကို မြင်တွေ့နိုင်ရန်နှင့် အာကာသဟင်းလင်းပြင်၏ အနေအထားကို ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။ ၎င်းဒုံးပျံထိပ်ဖူးယာဉ်သည် ကမ္ဘာ့အပေါ်ယံလေထုကို ဖောက်ထွက်ကာ အာကာသအတွင်း ကီလိုမီတာ ၃၀အထိ ရောက်ရှိမည်ဖြစ်သည်။ ထို့နောက် ကမ္ဘာသို့ ပြန်လည်ရောက်ရှိကာ ဘောလ်တစ်ပင်လယ်အတွင်း ဆင်းသက်ရန် စီစဉ်ထားသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ ဆိပ်ကမ်းရှိ ဒုံးပျံပစ်စင်တွင် ဒုံးပျံယာဉ်ကို အာကာသသို့ပစ်လွှတ်ရန် အသင့်ပြင်ထားစဉ်။

ပထမဆုံး

ယခုကဲ့သို့ လူရုပ်တုလိုက်ပါသည့် ဒုံးကျည်ထိပ်ဖူးယာဉ်ဖြင့် အာကာသသို့ ပစ်လွှတ်စမ်းသပ်ခြင်းသည် ပုဂ္ဂလိကမှ ပထမဆုံးအကြိမ် စမ်းသပ်ခြင်းပင်ဖြစ်သည်။ ယင်းဒုံးကျည်ထိပ်ဖူးယာဉ်ကို ဒုံးပျံတွန်းကန်အားဖြစ်ပေါ်စေသော ဓာတ်ငွေ့ရည်နှင့် အောက်ဆီဂျင်အရည်တို့ကို ရောစပ်၍ ပေါ်လာသည့်အားဖြင့် အာကာသသို့ လွှတ်တင်ခြင်း ပင်ဖြစ်သည်။

လိုက်ပါ

ယခုစမ်းသပ်ခြင်း အောင်မြင်ပါက မကြာမီအချိန်အတွင်း လူသားစစ်စစ် လိုက်ပါသည့် ဒုံးပျံထိပ်ဖူးယာဉ်ကို အာကာသသို့ ပစ်လွှတ်နိုင်မည်ဖြစ်သည်။ ထိုသို့ လွှတ်တင်ရာတွင် အခကြေးငွေယူမည်ဖြစ်ပြီး အနည်းဆုံး အမေရိကန်ဒေါ်လာတစ်သိန်းခန့် သတ်မှတ်မည်ဖြစ်သည်။ နိုင်ငံတကာမှ လိုက်ပါလိုသူများကို စမ်းသပ်မှုအောင်မြင်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်ဖြစ်သည်။

ကြည့်ရှုခံစား

ခရီးစဉ်တစ်ကြိမ်တွင် လူတစ်ဦးသာ လိုက်ပါနိုင်မည်ဖြစ်ပြီး ကမ္ဘာကြီး၏ မြင်ကွင်းအလှကို အပေါ်စီးမှ စိတ်တိုင်းကျ ကြည့်ရှုခံစားခွင့်ရရှိမည် ဖြစ်သည်။ တစ်ဖန် အာကာသအတွင်း မြင်ကွင်းကိုလည်း လေ့လာခွင့်ရရှိကာ ဒုံးပျံထိပ်ဖူးယာဉ် စီးနင်းရမှုခံစားချက်ကိုလည်း ထူးထူးခြားခြား ရရှိစေမည်ဖြစ်သည်။

အာကာသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများအနက် ပထမဆုံးတီထွင် စမ်းသပ်သည့် ဒုံးပျံထိပ်ဖူးယာဉ်ခရီးစဉ် ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

ဒုံးပျံယာဉ်

လူရုပ်တု လိုက်ပါမည့် ဒုံးကျည်ထိပ်ဖူးသဏ္ဌာန်ပြုလုပ်ထားသည့် ဒုံးပျံယာဉ်ကို တွေ့ရစဉ်။



အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၁ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၃၃၀၇ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၂၅၅၉ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၃၃၀၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၂၅၅၉ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် စက်တင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၁ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၁၀၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၇၄၇ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၁၀၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၇၄၇ ဦး

(အင်တာနက်)

မိုဆူးလ်၌ အကြမ်းဖက်တိုက်ခိုက်မှု အရပ်သားသေဆုံးခဲ့ရ

မိုဆူးလ် စက်တင်ဘာ ၁

အီရတ်နိုင်ငံ နီဗင်ပြည်နယ် မိုဆူးလ်မြို့၌ ဩဂုတ် ၃၀ရက်က လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၄၀၀ခန့်ရှိ မိုဆူးလ်မြို့ ဘာအယ်လ်တော့ဗ်ဒေသ လူစည်ကားရာ ဈေးတစ်ဈေး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ဒဏ်ရာရရှိသူများကို မိုဆူးလ်မြို့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး သေဆုံးသူ ဦးရေမှာ ထပ်မံမြင့်တက်လာဖွယ်ရှိသည်ဟု ဆိုသည်။

၂၀၀၃ခုနှစ်မှစတင်ကာ အမေရိကန်ဦးဆောင်သောတပ်များ အီရတ်နိုင်ငံသို့ ကျူးကျော်ကတည်းက နီဗင်ပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အပျက်အစီးများကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်-အာဖဂန်သတင်းများ

အာဖဂန်အရပ်သားများ ထိခိုက်သေဆုံးမှု
နိုင်ငံတကာတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိ

ကဘူးလ် စက်တင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ်လအစောပိုင်းက နေတိုးတပ်ဖွဲ့ဝင်များ စစ်ဆင်စဉ်အတွင်း အရပ်သားများ ထိခိုက်သေဆုံးခဲ့သည်ဟု စွပ်စွဲမှုကို နိုင်ငံတကာတပ်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး ကူညီမှုတပ် (အိုင်အက်စ်အေအက်ဖ်)က ဩဂုတ် ၃၀ရက်တွင် ကြေညာသည်။

စွပ်စွဲ

ဘက်ဂလန်ပြည်နယ် တာလာဝါဘာဖက်ခရိုင်တွင် စစ်ဆင်ရေးဆင်နွှဲအပြီး အရပ်သားများ ထိခိုက်သေဆုံးသည်ဟု စွပ်စွဲထားသည်။

နိုင်ငံစုံတပ်ဖွဲ့မှ ရဟတ်ယာဉ်များက ပစ်မှတ်ကိုလွဲပြီး အဆောက်အအုံနှစ်ခုကို ထိမှန်ကြောင်း ပဏာမစုံစမ်းစစ်ဆေးရေးအဖွဲ့က တွေ့ရသည်ဟုဆို၏။

အရပ်သားများ ထိခိုက်သေဆုံးခြင်းဖြင့် အာဖဂန်ပြည်သူတို့၏ ယုံကြည်မှုကို ပျက်ပြားစေပြီး အရပ်သားများ ထိခိုက်သေဆုံးရမှုအတွက် ဝမ်းနည်းကြောင်း အမေရိကန်လေတပ်မှ ဗိုလ်မှူးချုပ် တင်မသီက ပြောကြားသည်။

ထပ်မံစုံစမ်းစစ်ဆေးအပြီးတွင် သတင်းအတိအကျကို ထုတ်ပြန်မည်ဖြစ်ကြောင်း အမေရိကန်ကြည်းတပ် ဒုတိယဗိုလ်ချုပ်ကြီး ဒေးဗစ်ရိုဒရစ်က ပြောကြားသည်။ **(အင်တာနက်)**

ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ အီရတ်သို့ စေလွှတ်ရန် ကီယာလစ်ပါတီနှိုးဆော်

ဒမတ်စကတ် စက်တင်ဘာ ၁

အာရပ်နှင့် အစ္စလမ္မစ်နိုင်ငံများ၊ အထူးသဖြင့်အီဂျစ်နှင့် တူရကီနိုင်ငံတို့အနေဖြင့် အာရပ်အဖွဲ့ချုပ်နှင့် ညှိနှိုင်းပြီး အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ စေလွှတ်သင့်ကြောင်း အီရတ်ကီယာလစ်ပါတီ၏ လူထုဆက်သွယ်ရေးအရာရှိ အာမက် အယ်ဒီကက်ဗီက ဩဂုတ် ၃၀ရက်က ဒမတ်စကတ်မြို့၌ ပြောကြားလိုက်သည်။

ရေးဆွဲ

အမေရိကန်နှင့် အပေါင်းပါများသည် အီရတ်အကွဲအပြဲများအပေါ် အခြေတည်ပြီး နိုင်ငံလုပ်ငန်းစဉ်များ ရေးဆွဲခဲ့ကြောင်း၊ အမေရိကန်သမ္မတ အိုဘားမားသည် ယခင်သမ္မတ ဂျော့ဘုရှ်၏လမ်းစဉ်ကို စတင်လိုက်နေပြီဖြစ်ကြောင်း အာမက်အယ်ဒီကက်ဗီက ဝေဖန်ပြောကြားသည်။

ငြင်းပယ်

အီရတ်ကီယာလစ်ပါတီသည် မတ်လ အထွေထွေရွေးကောက်ပွဲတွင် အမတ်နေရာ ၉၁ နေရာရရှိခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အစိုးရဖွဲ့ခွင့်ရှိသော်လည်း၊ ယင်းသို့ ဖွဲ့စည်းရေးကို အီရတ်ဖွဲ့စည်းပုံအခြေခံဥပဒေရုံးက ငြင်းပယ်ထားသည်။

ပြောကြား

အီရတ်ကီယာလစ်ပါတီ ခေါင်းဆောင် အလာဝီသည်သာလျှင် လက်ရှိအကျပ်အတည်းမှ နိုင်ငံကို ဆွဲထုတ်နိုင်သည့် အကောင်းဆုံး ခေါင်းဆောင်ဖြစ်ကြောင်း ၄င်းကပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်တောင်ပိုင်း၌ ဗုံးကွဲ၊ ရှစ်ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၁

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး အပါအဝင် နိုင်ငံတကာတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးကြောင်း နေတိုးတပ်ဖွဲ့က ဩဂုတ် ၃၁ရက်၌ ပြောကြားသည်။

တစ်ဒါဇင်ကျော်

နိုင်ငံတကာ တပ်ဖွဲ့ဝင်များသေဆုံးမှုသည် သုံးရက်အတွင်း လူတစ်ဒါဇင်ကျော်သွားပြီ ဖြစ်သည်ဟုဆိုသည်။ အသေးစိတ်အချက်အလက်ကိုမူ နေတိုးအဖွဲ့က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ဒေသ၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရ သူများအား အာဖဂန်နစ္စတန် နိုင်ငံ ကဘူးလ်မြို့ ဆေးရုံ၌ ဆေးကုသပေးလျက် ရှိ သည် ကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ငါးလအတွင်း ဖမ်းမိမူးယစ်ဆေးဝါး ရှစ်တန်ခွဲ ကဘူးလ်မြို့၌ မီးရှို့ဖျက်ဆီး

ကဘူးလ် စက်တင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုနှင့်မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးဖြင့် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါး ၈ ဒသမ၅တန်ကို ကဘူးလ်မြို့တော်၌ ဩဂုတ် ၃၀ရက်က အာဖဂန်နစ္စတန် အာဏာပိုင်များက မီးရှို့ဖျက်ဆီးလိုက်ကြသည်။

မီးရှို့ဖျက်ဆီး

လွန်ခဲ့သည့် ငါးလအတွင်း ဖမ်းမိသော ဘိန်း၊ ဘိန်းဖြူ၊ မော်ဖင်းနှင့် ဆေးခြောက် အပါအဝင် မူးယစ်ဆေးဝါး ရှစ်တန်ခွဲကို ကဘူးလ်မြို့တော်၌ ဩဂုတ် ၃၀ရက်က မီးရှို့ဖျက်ဆီးလိုက်ကြောင်း ပြည်ထဲရေးဌာနမှ ဗိုလ်ချုပ်ကြီး မိုဟာမက်ဒါဝတ်ဒါဝတ်က ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို ငါးလအတွင်း ကဘူးလ်မြို့တော်နှင့် ပတ်ဝန်းကျင်ပြည်နယ်များမှ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါး မှောင်ခိုမှုနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားခြောက်ဦးနှင့် အစိုးရဝန်ထမ်း ၁၀ဦး အပါအဝင် လူ ၂၈၂ ဦးကို အဆိုပါ ငါးလအတွင်း ဖမ်းဆီးမိခဲ့သည်ဟုလည်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်မှာ အမေရိကန်တို့ စစ်ရေးတာဝန် အဆုံးသတ်ခဲ့ပြီ

မြင့်မောင်စိုး - ရေးသားသည်

ဝါရှင်တန် စက်တင်ဘာ ၁

အီရတ်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့တွေအနေနဲ့ စစ်ဆင်တိုက်ခိုက်မှုတာဝန်တွေ ပြီးဆုံးသွားပြီလို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဩဂုတ် ၃၁ရက်မှာ ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာခဲ့ပါတယ်။

ဒီညဟာဖြင့် အီရတ်နိုင်ငံမှာ အမေရိကန်တို့ရဲ့ တိုက်ခိုက်ရေးမစ်ရှင် ပြီးဆုံးသွားခဲ့ပါပြီ။ အီရတ်တို့ဟာလည်း လွတ်လပ်သွားပါပြီ။ ဒါကြောင့်မို့ အီရတ်နိုင်ငံရဲ့ အနာဂတ်နဲ့ အီရတ်ပြည်သူများရဲ့လုံခြုံရေးဟာ အီရတ်တို့ရဲ့ လက်ထဲမှာပဲရှိပါတယ်လို့ သမ္မတအိုဘားမားက နိုင်ငံသို့ အတိအလင်း ကြေညာလိုက်ပါတယ်။

"အီရတ် ပြည်သူတွေကို ဆက်လက်ကူညီပေးသွားမှာပါ"
အမေရိကန် ဒုတိယသမ္မတ။

အမေရိကန်နဲ့ အီရတ်တို့ရဲ့ နှစ်နိုင်ငံသဘောတူစာချုပ်အရ ၂၀၁၀ခုနှစ် ဩဂုတ် ၃၁ရက်မှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ တိုက်ခိုက်ရေးမစ်ရှင် အဆုံးသတ်ခဲ့ကြတာ ဖြစ်ပါတယ်။ အမေရိကန်တို့အနေနဲ့ အီရတ်နိုင်ငံမှာ တိုက်ခိုက်ရေးမစ်ရှင်ပြီးဆုံးသွားပြီဖြစ်ပေမယ့် အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆက်လက်ရှိနေဦးမှာ ဖြစ်ပါတယ်။ ဒီကျန်နေတဲ့တပ်ဖွဲ့ဝင်တွေဟာ အီရတ်တပ်ဖွဲ့ဝင်တွေကို ကူညီပေးသွားမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အီရတ်နိုင်ငံမှာရှိတဲ့ အမေရိကန်အရပ်သားတွေကို ကူညီဖို့ ရှိတယ်လို့ ဆိုပါတယ်။ အီရတ်က တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းဖို့အတွက် သူ့အနေနဲ့ သမ္မတရာထူးကို ရယူခဲ့တာလို့ သမ္မတအိုဘားမားက ပြောပါတယ်။ အဲဒီလို အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အီရတ်နိုင်ငံမှာ စစ်ဆင်ရေးမစ်ရှင်တာဝန်ယူမှု ပြီးဆုံးသွားပြီလို့ကြေညာပြီး နောက်တစ်ရက်ဖြစ်တဲ့ စက်တင်ဘာ ၁ရက်မှာပဲ အီရတ်နိုင်ငံမှာ တပ်လွှဲပြောင်းပွဲနဲ့ စစ်ဆင်ရေးမစ်ရှင်ပြီးဆုံးတဲ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့ပါတယ်။

ဒီအခမ်းအနားမှာ အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်လည်းတက်ရောက်ခဲ့ပါတယ်။ ဂျိုးဘိုင်ဒင်ဟာ ၂၀၀၉ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အီရတ်သို့ ခြောက်ကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအထိမ်းအမှတ်အခမ်းအနားကို ဘဂ္ဂဒက်မြို့မှာရှိတဲ့ အမေရိကန်စစ်အခြေစိုက် စခန်းတစ်ခုမှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ တိုက်ခိုက်ရေးတာဝန်တွေ အဆုံးသတ်သွားပြီဖြစ်ပေမယ့် အီရတ်ပြည်သူတွေကိုကူညီဖို့ တပ်ဖွဲ့ဝင် ၅၀၀၀၀ ဆက်လက်ရှိနေဦးမှာ ဖြစ်ပါတယ်။ ဒီတပ်ဖွဲ့ဝင်တွေဟာ ၂၀၀၉ခုနှစ် ဇန်နဝါရီလက တပ်ဖွဲ့ဝင်အင်အား ၁၄၄၀၀၀ရှိရာမှ ချန်ထားခဲ့တာဖြစ်တယ်လို့ အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က အခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။

"အမေရိကန်တို့ရဲ့ စစ်ရေးမစ်ရှင် ရုပ်သိမ်းလိုက်ခြင်းဟာ ကျွန်တော်တို့ အီရတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးရတဲ့နေ့တစ်နေ့ပါပဲ"
အီရတ်ဝန်ကြီးချုပ်။

ဒါ့အပြင် အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ အီရတ်တပ်ဖွဲ့ဝင်တွေရဲ့ တန်ပြန်အကြမ်းဖက်စစ်ဆင်ရေးမှာ ကူညီပေးတာတွေ၊ စစ်ရေးသင်တန်းပေးတာတွေ၊ အကြံဉာဏ်ပေးတာတွေ ဆက်လက်လုပ်သွားဖို့ရှိတယ်လို့လည်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်ကဆိုပါတယ်။ ဒါပေမယ့် ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၃၁ရက်မှာတော့ နှစ်နိုင်ငံအစိုးရသဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့ဝင်အားလုံး အီရတ်မြေမှ ရုပ်သိမ်းသွားမှာဖြစ်ပါတယ်လို့ ရောဘတ်ဂိတ်က သတင်းထောက်တွေရဲ့ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။

အမေရိကန်တို့ရဲ့ စစ်ရေးမစ်ရှင် ရုပ်သိမ်းလိုက်ခြင်းဟာ ကျွန်တော်တို့ အီရတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးရတဲ့နေ့တစ်နေ့ပါပဲလို့ အီရတ်ဝန်ကြီးချုပ် နော်ရီမာလီကီက အခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ လုံခြုံရေးကို စောင့်ရှောက်ကာကွယ်ဖို့ လိုပါတယ်။ အဖျက်အမှောင့်မှန်သမျှကို ဝိုင်းဝန်းဖယ်ရှားဖို့ လိုပါတယ်လို့ ၎င်းက ဆက်လက်ပြောကြားခဲ့ပါတယ်။

အမေရိကန်ဦးဆောင်တဲ့ တပ်ဖွဲ့ဝင်တွေဟာ အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မေလမှာ အဖျက်စွမ်းအားကြီးတဲ့ လက်နက်တွေ ပိုင်ဆိုင်ထားတယ်လို့ စွပ်စွဲမှုများနဲ့ ကျူးကျော်ဝင်ရောက်လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလို ကျူးကျော်ခဲ့တဲ့အတွက် အီရတ်ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးခဲ့ကြရပါတယ်။ အီရတ်ပြည်သူတွေဟာ စစ်ဘေးစစ်ဒဏ်ကို ခါးသီးစွာ ရင်ဆိုင်ကြရပါတယ်။ စစ်ပွဲအတွင်းမှာ အီရတ်ပြည်သူတွေရဲ့ အသက်ပေါင်းများစွာ စတေးခဲ့ရသလို စစ်ပြီးကာလမှာလည်း အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတွေနဲ့ သွေးညီနှို့၊ ယမ်းမီးခိုးတွေကြားမှာ ကျီးလန့်စာစားဘဝ ရောက်ခဲ့ကြရပါတယ်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခု၌ တပ်လွှဲပြောင်းပွဲ ကျင်းပနေသည်ကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဒီစစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင် ၄၄၀၀ကျော်တို့ဟာလည်း သေဆုံးခဲ့ကြရပြီး တပ်ဖွဲ့ဝင် ၃၀၀၀၀တို့ဟာလည်း ထိခိုက်ဒဏ်ရာတွေ ရခဲ့တယ်လို့ သိရပါတယ်။ အမေရိကန်တို့ရဲ့ စစ်ပွဲတစ်ခုလုံး ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ကျော်ရှိကြောင်း သိရပါတယ်။

အီရတ်မြေပေါ်က အမေရိကန်စစ်ဆင်ရေးတွေ ပြီးဆုံးသွားပေမယ့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဆက်လက်ရင်ဆိုင်ကြရဦးမှာပါ။ ပြည်တွင်းက ဆွန်နီနဲ့ ရှီးယားတို့ရဲ့ အားပြိုင်မှုနဲ့ အစွန်းရောက်တွေရဲ့ အကြမ်းဖက်မှုတွေ တွေ့ရဦးမှာပါ။ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံဖြစ်ဖို့ဆိုတာ အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အီရတ်စစ်ပွဲဟာ ကမ္ဘာ့ပြည်သူတစ်ရပ်လုံးအနေနဲ့ သင်ခန်းစာယူစရာအဖြစ် သမိုင်းမှာ ကျန်ရစ်နေမှာဖြစ်ပါကြောင်း....။ **ကိုးကား-အင်တာနက်**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

➤ အာကာကျော်-စုစည်းသည် ➤

ဟာရီကိန်းမုန်တိုင်းအားလ် အမေရိကန်အရှေ့ပိုင်းသို့ ဦးတည်တိုက်ခတ်နေ

ကာရေဘီယံ စက်တင်ဘာ ၁

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်လျက်ရှိသော ဟာရီကိန်းမုန်တိုင်းအားလ်သည် စက်တင်ဘာ ၁ရက်က မုန်တိုင်းအဆင့် (၄)အဖြစ်သို့ အားကောင်းလာပြီး အမေရိကန်အရှေ့ပိုင်းပြည်နယ်များသို့ ဆက်လက်တိုက်ခတ်ရန် ဦးတည်လျက်ရှိကြောင်း အမေရိကန် ဟာရီကိန်းဌာနက ကြေညာသည်။ အဆိုပါ မုန်တိုင်းသည် ဩဂုတ် ၃၁ရက်က ကာရေဘီယံဒေသရှိ ကျွန်းငယ်များသို့ အဖျားခတ်တိုက်ခတ်သွားခဲ့သဖြင့် အင်ဂွီလာ၊ အင်န်တီဂွာနှင့် စိန့်မာအာတန်ဒေသများတွင် နေအိမ်အမိုးများ လန်ကျွံပျက်စီးသွားခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း၊ လေကြောင်းခရီးစဉ်များလည်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ ***(အောက်ပုံ)*** *ယင်းမုန်တိုင်းသည် တစ်နာရီ ၁၃၅မိုင်နှုန်းဖြင့် အမေရိကန်အရှေ့ပိုင်း ကမ်းခြေဆီသို့ ဦးတည်တိုက်ခတ်လျက်ရှိရာ သောကြာနေ့တွင် မြောက်ကယ်ရိုလိုင်းနားပြည်နယ်သို့ ဝင်ရောက်ဖွယ်ရှိသည်။* ***(အင်တာနက်)***

မုန်တိုင်းသုံးခု တရုတ်အရှေ့ပိုင်းပြည်နယ်များသို့ ဝင်ရောက်ဖွယ်ရှိ

ပေကျင်း စက်တင်ဘာ ၁

တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့်တောင်ပိုင်း ကမ်းရိုးတန်းပြည်နယ်များသို့ တိုင်ဖွန်းမုန်တိုင်းတစ်ခုနှင့် အပူပိုင်းမုန်တိုင်းနှစ်ခုတို့က ခြိမ်းခြောက်လျက်ရှိကြောင်း၊ ယင်းမုန်တိုင်းများသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ဖွယ်ရှိကြောင်း တရုတ်မိုးလေဝသဌာနက စက်တင်ဘာ ၁ရက်တွင် သတင်းထုတ်ပြန်ထားသည်။ ယခုနှစ်ရာသီ၏ ခြောက်ခုမြောက်မုန်တိုင်းဖြစ်သည့် လိုင်းယွန်းရော့ မုန်တိုင်းသည် အနောက်ဘက်သို့ ဖြည်းဖြည်းချင်းရွေ့လျားနေကြောင်း၊ စက်တင်ဘာ ၁ရက် ညပိုင်း သို့မဟုတ် ၂ရက် နံနက်ပိုင်းတွင် ဂွမ်ဒေါင်းပြည်နယ် သို့မဟုတ် ဖူကျန့်ပြည်နယ်သို့ ဝင်ရောက်ဖွယ်ရှိကြောင်း၊ ကွန်ပါဆုနှင့် နမ်သီယင်အမည်ရှိ မုန်တိုင်းနှစ်ခုမှာလည်း တရုတ်အရှေ့ တောင်ပိုင်းကမ်းခြေဒေသများသို့ ဝင်ရောက်ဖွယ်ရှိကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနများက ကြေညာသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အင်္ဂါဂြိုဟ်ပေါ်တွင် ထူးဆန်းသောချိုင့်ခွက်ကြီးတွေ့ရှိ

အီဆာ စက်တင်ဘာ ၁

ဥရောပအာကာသ အေဂျင်စီ(အီဆာ)က အင်္ဂါဂြိုဟ်ပေါ်တွင် ရှည်လျားပြီး နက်ရှိုင်းသည့် ထူးဆန်းသောချိုင့်ခွက်ကြီးတစ်ခု တွေ့ရှိခဲ့ကြောင်း စက်တင်ဘာ၁ရက်က သတင်းထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ချိုင့်ခွက်ကြီးမှာ အင်္ဂါဂြိုဟ်ပေါ်ရှိ အီလိုင်စီယမ်မွန်းစ်နှင့် အိုလံပတ်စ်မွန်းစ်ဟုခေါ်သည့် မီးတောင်နှစ်လုံးကြားတွင် တည်ရှိသည်ဟု ဆိုသည်။ ၎င်းချိုင့်ခွက်ကြီးသည် မီတာ ၄၀၀မှ ၆၀၀အထိ အနက်ရှိနိုင်ကြောင်း သုတေသီများက ပြောကြားသည်။ ***(အပေါ်ပုံ) (အင်တာနက်)***

အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးလေးဦးပစ်ခတ်ခံရပြီး သေဆုံး

ရာမာလာ စက်တင်ဘာ ၁

ပါလက်စတိုင်း အနောက်ဘက်ကမ်းဒေသ ဟေဘရွန်မြို့အနီး၌ ဩဂုတ် ၃၁ရက်က အစ္စရေးပြည်သူလေးဦး လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုခံရပြီး သေဆုံးသွားခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ အဆိုပါ ပစ်ခတ်ခံရသူများမှာ အမျိုးသားနှစ်ဦးနှင့်အမျိုးသမီးနှစ်ဦးဖြစ်ကြောင်း၊ ယင်းတို့အား လက်နက်ကိုင်များက ကားပေါ်မှသေနတ်များဖြင့် ပစ်ခတ်သွားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ယင်းပစ်ခတ်မှုသည် ဟားမတ်စ်အဖွဲ့မှ ဖြစ်ကြောင်း၊ ထိုနေ့ ညပိုင်းတွင် ဟားမတ်စ်အဖွဲ့ဝင် ၁၅၀ခန့်ကို ပါလက်စတိုင်း လုံခြုံရေးတပ်ကဖမ်းဆီးခဲ့ကြောင်း သိရသည်။ *(ဝဲပုံ) (ဆင်ဟွာ)*

2-9 (05).pmd 1 9/2/2010, 1:50 AM

ဝန်ကြီး ဦးဌေးဦး စိုက်ပျိုးရေရရှိမှု လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ် ၂၉ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့သို့ရောက်ရှိရာ ဝန်ကြီးက ရေရရှိရေးကိစ္စရပ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ကန်ပေါင်အလျား ပေ ၂၄၁၀၀၊ အမြင့်ပေ ၂၀ရှိပြီး ရေဧက ၃၆၆၄ပေ သိုလှောင်နိုင်သည့် ယင်းတော်ကန်အား ရေပိုမိုသိုလှောင်နိုင်ရန် ပြုပြင်ထားမှုနှင့် ရေသိုလှောင်ရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာမြို့နယ် လိန်တောကျေးရွာ ကွင်းအမှတ်(၅၉၁)ရှိ ငွေချည်(၆)ချည်မျှင်ရှည်ဝါ မျိုးသန့်စိုက်ပျိုးရေးအထူးဇုန်၌ တောင်သူများ၏ ငွေချည်(၆)ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာရှိ သင်ပုန်းချောင်းမှ ရေစီးဝင်သည့် ကျေးလက်ဆည်ကန်ငယ်မြကန်နှင့် ကုက္ကိုခါလှကျေးရွာအနီးရှိ ကျေးရွာကန်ဖြစ်သော အလောင်းစည်သူကန်တို့၏ ရေဝင်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း သာကေတမြို့နယ်၌ ဖွင့်လှစ်ပို့ချ

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး လုပ်ငန်းသင်တန်းကို ဩဂုတ် ၂၉ ရက် နံနက် ၈နာရီက အထက(၁)ခန်းမဆောင်၌ကျင်းပရာ အရှေ့ပိုင်းခရိုင်အဖွဲ့ခွဲဝင် သာကေတမြို့နယ်တာဝန်ခံ ဦးရှိန်းလိန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထိန်ဝင်းက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်အောင်က မဲရုံမှူးလုပ်ငန်း ညွှန်ကြားမှုနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်သန့်သန့်က ဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို သင်တန်းပို့ချပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည်က ဒုတိယမဲရုံမှူးတို့၏ လုပ်ငန်းညွှန်ကြားချက်များကို ပို့ချသည်။ သင်တန်းသို့ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး သင်တန်းသား သင်တန်းသူများ တက်ရောက်ပြီး မဲရုံလုပ်ငန်းသရုပ်ပြခြင်းကို ဆောင်ရွက်ကြသည်။ **(၁၁၆)**

ဩဂုတ် ၂၇ရက်က အမက(၄) အင်းစိန်၌ အာဟာရကျွေးပွဲနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းပွဲတွင်အလှူရှင် အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိမ်းဝင်းထံ သတင်းစာ တစ်နှစ်စာနှင့် မဂ္ဂဇင်းဂျာနယ် စာစောင်များ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

စီမံကိန်းတာဝန်များ လှိုင်လင်၌ ပေးအပ်

လှိုင်လင် စက်တင်ဘာ ၁

လှိုင်လင်ခရိုင်၏ ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ရေး မှာကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန်းက ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းလျာထားချက်များ ရှင်းလင်းတင်ပြသည်။ ထို့နောက်ခရိုင်ဥက္ကဋ္ဌက ခရိုင်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများထံသို့ စီမံကိန်းရည်မှန်းချက်တာဝန်များအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၈၉)**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရွာင် စက်တင်ဘာ ၁

ရွာင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉နာရီက မြို့နယ်ဗထူးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးအေးရွှေက ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းပို့ချ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဥပဒေအရာရှိ ဦးတင့်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးခွန်ကံကြီးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိန်းထွန်းတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းများအား ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဗေဒင်္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ ကိုယ့်ကိုယ်ကိုသာ အားကိုးပါ တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)
- ၆း၄၅ ဖူးရောက်စေချင်သည် ဗန္ဓိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း -၉၅)
- ၈း၄၀ မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇ္ဇာတမွေးနေ့အလှူဆန်း
- ၈း၅၅ ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
- ၉း၁၀ Activities in the City (တိုးတိုး Best Make up Artist Asia Award)
- ၉း၃၀ Science For All (လူသားတိုင်းအတွက် ဗီတာမင်လက်နက်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၉း၅၀ ရတနာရွှေမိုးရွာသွန်းဖြိုးစေသောဝ် ရွှေမိုးကောင်းစေတီတော်
- ၁၀း၀၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၀) (သုံးသပ်ချက်များ)
- ၁၀း၂၀ နိဗ္ဗာန်ကိုရည်သန်… ဖူးကြမည်ဇေကန်၊ မြတ်စေတီ ကျိုက်သလ္လံ
- ၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၁၀ ဈေးဝယ်လမ်းညွှန် စိန်နန်းတော် (Jewellery Center)
- ၁၁း၂၅ **ရွှေအိုး** ရဝေအောင်၊ မင်းဟိန်း၊ မျိုးသန္တာထွန်း၊ ချောရတနာ၊ ချစ်စနိုးဦး၊ (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁း၀၀ ကိုယ့်ကိုယ်ကိုသာ အားကိုးပါ တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ဘဝများ (တင်မိုးလွင်)
- ၂း၅၅ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့၏ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၅)
- ၄း၃၅ မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇ္ဇာတမွေးနေ့အလှူဆန်း
- ၄း၅၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Zing)
- ၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (လင်းလက်ဟိန်း)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အားကစားမြင်ကွင်းစုံ
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၂)
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၆)
- ၁၀း၁၀ **မေတ္တာရှိရင်းစွဲမို့ မလွဲနိုင်ပါ** ထွန်းထွန်း၊ သင်ဇာဝင့်ကျော် (ဒါရိုက်တာ-ဇော်ဆက်)
- ၁၁း၄၅ Activities in the City (တိုးတိုး Best Make up Artist Asia Award)
- ၁၂း၀၀ ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
- ၁၂း၂၀ ဂီတသရုပ်ပြခန်း (အသိုင်းအဝိုင်း)
- ၁၂း၄၅ သင်ယူလေ့လာဂီတပညာ (Introduction)
- ၁း၁၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၀) (သုံးသပ်ချက်များ)
- ၁း၂၅ ရတနာရွှေမိုးရွာသွန်းဖြိုးစေသောဝ် ရွှေမိုးကောင်းစေတီတော်
- ၁း၄၀ အနုပညာမိုးကောင်းကင်
- ၂း၀၅ ကန္တာရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့…
- ၂း၁၅ Music Talk (ဝိစိတြ)
- ၂း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၂း၅၀ ကလေးများအတွက်ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ(ဒေါက်တာမိုလာ)
- ၃း၀၅ ဂမုန်းရေလှောင်တမံ
- ၃း၁၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇော်မင်းလေး)
- ၃း၅၅ **နတ်လှူသာခုခေါ်စေသောဝ်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးဇော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၄း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



၂၀၁၀-၂၀၁၁ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကလေးမြို့နယ် ရေယား-ပိန္နဲပင် ကျေးလက်ကျောက်ချောလမ်းအရှည်နှစ်မိုင်ကို ဩဂုတ် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်၌ အရန်သားဖွားသင်တန်းဆင်း

ကော့ကရိတ် စက်တင်ဘာ ၁

ကော့ကရိတ်ခရိုင်ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သော အရန်သားဖွားအပတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်၂၇ရက်က ခရိုင်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်၊ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ကျော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာညွန့်ဝေ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး**(အောက်ပုံ)**၊ ခရိုင်အတွင်းရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးတို့က ထူးချွန်ဆုရ သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

Boneal ဒဏ်ကျေဆေးတင်သွင်းဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁

တရုတ်နိုင်ငံတွင် နာမည်ကျော်ကြားသည့် Boneal အကြောဖြေ ဒဏ်ကျေလိမ်းဆေးကို Excellence Medicare &Pharmaceutical Co.,Ltd. (EMP) က မြန်မာနိုင်ငံအတွင်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည်။

အဆိုပါ ဒဏ်ကျေလိမ်းဆေးသည် အကြောရောဂါအမျိုးမျိုးကြောင့်ဖြစ်သော ရောဂါများ၊ ပခုံးကပ်ခြင်း၊ဒူးနာခြင်း၊ ခါးနာခြင်း၊ ဒူးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမျက် ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲသော ရောဂါဝေဒနာရှင်များအတွက် သက်သာ ပျောက်ကင်းစေသည်။

အဆိုပါဆေးသည် အစွမ်းထက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျ ဖော်စပ်ထားသဖြင့် သုံးစွဲပါက ခံစားရသော ဝေဒနာများသက်သာပျောက်ကင်းစေသည်။ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒ ဆေးဝါးများနှင့် တိရစ္ဆာန်အဆီများ လုံးဝမပါဝင်။ ဆေးဘူးအတွင်း ပါရှိသော ဂွမ်းချပ်ပေါ်တွင် ဆေးရည်များ ပျံ့နှံ့စွာစွတ်စိုစေပြီး နာကျင်နေသော နေရာတွင် ကပ်ထားပါက ရောဂါပိုမို သက်သာပျောက်ကင်းစေသည်။ အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ်ကြီးရင့်သူများအတွက် သုံးစွဲရန် အမြဲဆောင်ထားသင့်သော ဆေးစွမ်းကောင်းဖြစ်သည်။

အဆိုပါဆေးကိုExcellence Medicare & Pharmaceutical Co., Ltd. (EMP) အမှတ်၂၂၂ ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၆၉၉၅၊ ၂၉၁၈၃၉ နှင့် ၂၀၃၀၀၈ တို့သို့ ဆက်သွယ်မှာယူပါက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ အမြို့မြို့ အနယ်နယ်ရှိဆေးဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။**(သတင်းစဉ်)**

အမ်း-စစ်တွေလမ်းပိုင်း၊ ကျောက်တော်-ပလက်ဝလမ်းနှင့် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၉ရက် နံနက်ပိုင်းက အမ်းမြို့မှ မော်တော်ယာဉ်ဖြင့် ရန်ကုန်-စစ်တွေလမ်း၏ အမ်း-စစ်တွေလမ်းပိုင်း မိုင်တိုင်အမှတ်(၁၀/၀) ရှိ မဲတောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက မဲတောင် ရှောင်ကွင်းလမ်း လမ်းအူကြောင်းရှာဖွေထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် အမ်း-စစ်တွေလမ်းပိုင်းတစ်လျှောက် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် မိုင်တိုင်အမှတ်(၃၀/၀)နှင့် (၃၀/၁) အကြားတွင် ရန်ကုန်-စစ်တွေလမ်းအပိုင်း(၁) အဆောက်အအုံ အထူးအဖွဲ့(၇)က ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်တော်-ပလက်ဝလမ်း မိုင်တိုင်အမှတ်(၃/၂)တွင် စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ခြင်း၊ အနိမ့်အမြင့်ဖြေခြင်း၊ တောင်ကြောမြေများ ဖြတ်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ရန်ကုန်-စစ်တွေလမ်း၏ အမ်း-စစ်တွေ လမ်းပိုင်းရှိ ပိတောက်တံတားတွင် တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်နေသည့် မီးရထားကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး ကွန်ကရစ် ရက်မတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်တွေခရိုင်က တာဝန်ယူဆောင်ရွက်သည့် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းလုပ်ငန်း ဆောင်ရွက်သည့် လမ်းစခန်းရှင်းလင်း ဆောင်သို့ရောက်ရှိပြီး စစ်တွေခရိုင် အင်ဂျင်နီယာမှူး ဦးဇော်နိုင်က ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းကို ပုဏ္ဏားကျွန်းမြို့ မိုင်တိုင်(၀/၀)မှ ရသေ့တောင်မြို့ မိုင်တိုင် (၂၂/၆)အထိတစ်ကြောင်းထိုးလမ်း ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းခင်းပစ္စည်းများ ကြိုတင် စုဆောင်းထားရန် မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းတွင် ဆုရရှိကြသော သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ပြည်တွင်းအခွန်များဦးစီးဌာန)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၁၁၁/Bနေ ဦးမျိုးမြင့်အောင်-ဒေါ်ကဗျာဘွဲ့မှူး၊ သမီးမမေမျိုးကဗျာ မိသားစုက ဒေါ်ကဗျာဘွဲ့မှူး၏ မွေးနေ့မင်္ဂလာအဖြစ် ငွေကျပ်တစ်သိန်းကို တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ အလှူရှင်ကိုယ်စား အမှုဆောင်များက လှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းလက်ခံယူစဉ်။ (၁၀၅)

ဒို့ကျေးရွာဂျာနယ် ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁

သိဟ်ရာသီ ဝါခေါင်လ၏ ခတ္တာပန်းများ ပွင့်လန်းခြင်းနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျန်းမာရေး ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၇)ကို စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးအထွက်တိုးရန် မျိုးရေမြေသဘာဝ အခြေခံ၍ လိုက်ဖက်ညီအောင် စိုက်ပျိုးရမည့် နည်းစနစ်များ၊ ကြက်သွန်နီစိုက်ပျိုး ဝင်ငွေတိုးစေရန်၊ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည့် ကြက်ဟင်းခါး မျိုးစေ့ထုတ်လုပ်ငန်း၊ ပြည်ပ ပို့ကုန်အမယ်သစ် မက္ကဒေးမီးယားစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ သားပေါက်ခါနီး ဝက်မများ သတိထားစောင့်ရှောက်ပါ၊ နွားဆီးမပေါက်လျှင် ဒီလိုကုပါ၊ စပါးအပြီး ငါးအကြီးစိုက်ပျိုးမွေးမြူနည်း၊ ကျွဲနွားများ ဝမ်းပျက်လျှင် စသည့် မွေးမြူရေး ဆောင်းပါးများ၊ မိသားစုဘဝ ပျော်ရွှင်ရေး တစ်ကိုယ်ရေသန့်ရှင်းရေး အလေးပေး၊ ဆေးဖက်ဝင်ဟင်းလျာဖြစ်သည့် ဂုံမင်းစသည့် ကျန်းမာရေးဆောင်းပါးများ၊ ဘဝအလင်းများ ထိန်လင်းစေချင် ခိုင်မာပေါ်လွင် အလင်းပြမီးအိမ်ရှင်စာကြည့်တိုက်၊ ပညာဒါနပြုလုပ်ကြ အနာဂတ်ဘဝ လွန်လှပ စသည့် အသိပညာပေး သုတ ရသ ဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ အလိမ်အညာလှိုင်းကို ရှောင်ကွင်းချီတက်ခရီးဆက်မည်၊ ဒို့ကျေးရွာ၏ မနက်ဖြန်(၂) စသည့် နိုင်ငံရေးဆောင်းပါးများ၊ ပြင်သစ်နိုင်ငံအကြောင်း သိကောင်းစရာ၊ အာရှစီးပွားရေးကာကွယ်မှုများပြုရန်လို၊ သစ်နှင့်သစ်အချောထည်လုပ်ငန်းမှ နိုင်ငံဝင်ငွေ၏ သုံးဆခန့်ရရှိရန် မလေးရှားမျှော်မှန်း၊ တရုတ်နိုင်ငံလူဦးရေ တိုးမြင့်လာဖွယ်ရှိ စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ကျရာဇာတ်ရုပ်မှာ အကောင်းဆုံးကြိုးစားခဲ့တယ်ဆိုတဲ့ ခင်ဇာခြည်ကျော်နှင့် တွေ့ဆုံခြင်း စသည့် အနုပညာ သတင်းများ၊ စံပြအချစ် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာ ဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ကွတ်ခိုင်မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၀ ရက်က ပြည်နယ်ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟိုတယ်နှင့် ကွန်ပျူတာဆိုင်ရာသင်တန်းများ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

SANTINI International Training Academy က ပြည်တွင်း ပြည်ပရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping Mall များ၊ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောများ၌ ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်လည်းကောင်း၊ မိမိ၏ ဘဝမြင့်မားရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအဖြစ်လည်းကောင်း၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ကွန်ပျူတာနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများအနက် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိသော အဆင့်မြင့် ဟိုတယ်သင်တန်းများဖြစ်သည့် Managing Front Office Operation, Managing Housekeeping Operation, Managing Food & Beverage Operation Course များမှာ လေးလကြာမြင့်မည်ဖြစ်ပြီး အခြေခံကာလတို တစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendant, Restaurant Server, Bartender & Arts of Mixology များကိုလည်းကောင်း၊ ရုံးဝန်ထမ်းများအဆင်ပြေစေရန် ရုံးချိန်ပြင်ပစာသင်ချိန်များ အသွင်ဖြင့် IT သင်တန်းများအပြင် ကာလရှည် လေးလသင်တန်းဖြစ်သော Managing Front Office Operation ကိုလည်းကောင်း ဩဂုတ်လတွင် တစ်ပြိုင်နက်တည်းဖွင့်လှစ်ခဲ့သည်။

၄င်းသင်တန်းများတွင် American Hotel & Lodging Association မှ အသိအမှတ်ပြုဆရာများက သင်ကြားပေးမည်ဖြစ်သည်။

SANTINI အား City & Guilds (UK) ကလည်း ၄င်းတို့၏ တရားဝင်ကျောင်းခွဲအဖြစ် ခန့်အပ်ခဲ့ပြီး Hospitality Diploma သင်တန်းများကို မကြာမီ ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်ရာ စက်တင်ဘာ ၄ ရက်တွင် Strand Hotel Ballroom ၌ ကျင်းပမည့် ပညာရေးဆွေးနွေးပွဲ၌ မိတ်ဆက်မည်ဖြစ်သည်ဟု သိရသည်။

အောက်တိုဘာ ပထမပတ်တွင် ဖွင့်လှစ်မည့် သင်တန်းသစ်များအတွက် ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်းနှင့် ထိရောက်သော သင်ကြားမှုအတွက် ကျောင်းသားဦးရေကို ကန့်သတ်ထားကြောင်း၊ အသေးစိတ်သိရှိလိုပါက အမှတ် ၁၇၀/၁၇၆ နယူးရောဟိုတယ် ပထမထပ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ E-mail: info@santinitraining. com, admin @ santinitraining. com,website: www.santinitraining. com ဖုန်း-၃၈၃၇၃၉၊ ၃၈၃၃၇၄၀နှင့် ၂၅၆၉၃၈-၄၄ လိုင်းခွဲ ၈၅၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ လက်ပံတန်းမြို့နယ်၌ ကျင်းပ

လက်ပံတန်း စက်တင်ဘာ ၁

လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်က လယ်သမားကြီး ဦးမြစိန်၏ စပါးခင်း ၁၂ ဧက၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်လတ်၊ အတွင်းရေးမှူး ဦးသက်ခိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးမောင်မောင်ဌေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးကောင်ရေ ၆၀၀၀ ကို မိုးစပါးစိုက်ခင်းများသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(ယာပုံ)**

ငါးမျိုး စိုက်ထည့်ပြီး

လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၀-၂၀၁၁ခုနှစ်အတွက် မြို့နယ်အတွင်း စပါးခင်း ၄၂၀ ဧက၌ ငါးကောင်ရေ ၂၁၀၀၀၀ကို ငါးမျိုးစိုက်ထည့်ပြီးဖြစ်သည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရဲမွန်တပ်မြို့ ဘောလုံးကွင်း၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ ရှေးဦးစွာ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် ဘောလုံးအသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးက အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်ကစား

ထို့နောက် ဖွင့်ပွဲနေ့ ပွဲဦးထွက်ပွဲစဉ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ယင်းပြိုင်ပွဲတွင် ဘောလုံးအသင်း၁၀သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်တပ်မမှူးကအမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ အကြိမ်(၂၆၀)မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း (၁၀၀၀)ဆု

ဍ-၄၄၃၀၉၈

ကျပ်သိန်း (၅၀၀)ဆု

ဗ-၂၆၀၁၃၆

ကျပ်သိန်း (၃၀၀)ဆုများ

ဍ-၇၀၇၆၆၄

ဖ-၁၃၇၃၄၂

ကျပ်သိန်း (၂၀၀)ဆုများ

တ-၅၄၀၃၈၁ ထ-၃၄၈၇၁၆

ဆ-၅၉၅၂၈၃ ဌ-၂၅၃၈၁၁

က-၅၀၉၉၉၇

ကျပ်သိန်း (၁၀၀)

(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဍ-၂၁၉၅၃၉ ဌ-၄၀၃၅၂၇

ခ-၈၁၀၇၄၀ ဆ-၇၁၀၇၃၃

င-၇၁၂၀၄၆ ဍ-၄၈၃၈၀၈

ဖ-၄၅၁၃၈၉ က-၈၅၉၃၂၃

ဍ-၁၉၃၁၆၈ ဏ-၄၉၇၀၀၇

ဓ-၄၅၉၄၇၈ စ-၃၅၁၂၆၅

ဏ-၄၀၅၂၁၇

ယှဉ်ပြိုင်ကစားမှု ကြည့်ရှုအားပေး

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနေ့ ပွဲဦးထွက်ပွဲစဉ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်ရှိနေသည်။

စက်တင်ဘာ ၂ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာနယ်ဇင်းပညာသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်းပညာသင်တန်း (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင် (မြတ်ခိုင်)တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ Inforithm Maze Co., Ltd နှင့် Asian Fame Media Group တို့က ငွေကျပ် ငါးသိန်းစီ၊ မော်ဒန်ဂျာနယ်က ငွေကျပ် သုံးသိန်း၊ Yangon Media Group နှင့် Myanmar Consolidated Media Group တို့က ငွေကျပ် နှစ်သိန်းစီ ၊ Hot News ဂျာနယ်၊ သရဖူမဂ္ဂဇင်းနှင့် ကြောင်နှစ်ကောင်စာပေတို့က ငွေကျပ် တစ်သိန်းစီ စုစုပေါင်းငွေကျပ် သိန်း ၂၀ကို လှူဒါန်းကြရာ အဖွဲ့ခေတ္တဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံကြသည်။

ဖွင့်လှစ်သင်ကြား

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုသင်တန်းသည် အထူးမွမ်းမံသင်တန်း အပါအဝင် (၅)ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲ အလုံမြို့နယ်၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက်က အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြထွန်းက အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးလျှန်တလုံးက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးလှဝင်းက မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပို့ချသည်။

ကြည့်ရှုလေ့လာ

ထို့နောက် သင်တန်းသူ သင်တန်းသားများ၏ ပြန်လည်ဆွေးနွေးချက်များအပေါ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဝင်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားကာ မဲရုံနမူနာ သရုပ်ပြသခြင်းကို တာဝန်ရှိသူများနှင့် သင်တန်းသူ သင်တန်းသားများက ကြည့်ရှုလေ့လာကြသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် ကျိန္တလီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် စက်တင်ဘာ ၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရခိုင်ပြည်နယ် ကျိန္တလီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၉ရက် နံနက်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ အဆိုပါစက်ရုံမှ လွှင့်အား ၅၀ ဝပ် လှိုင်းနှုန်း (UHF Channel -J 13, 470-476 MHz) ဖြင့် ဩဂုတ် ၂၉ရက် မွန်းလွဲပိုင်းမှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေသော အနောက်တိုင်းဆေးဝါးရောနှောထားသည့် တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁။	Top- နားသန့်ဆေးရည်	ဆိုင်အမှတ်(၄၆/၄၈)၊ သဇင်(E)ရုံ၊ မြေညီထပ်၊ အဆင့်မြင့်ဈေးချို၊ မန္တလေး။	မှတ်ပုံတင်မရှိ
၂။	ဦးသိန်းထွန်း၊ လုပ်သားဆေးနီကျော်	အမှတ်(၇၁)၊ ပန်းဘဲတန်းရပ်၊ ဟင်္သာတမြို့။	သက်တမ်းလွန်
၃။	နှင်းဆီဖြူ၊ သွားကိုက်သွားနာ ခံတွင်းသန့်ဆေး	အမှတ်(၇၈၆/ခ)၊ ဗညားဒလလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။	မှတ်ပုံတင်မရှိ
၄။	ဆရာဒေါင်း ပန်းနာရင်ကျပ် သောက်ဆေး	အမှတ်(၃၃)၊ ဓီဇဝါလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။	အနောက်တိုင်း ဆေးဝါးရော
၅။	ဆေးသုခ ပန်းနာရင်ကျပ်ပျောက်ဆေး	အမှတ်(၂၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဖျာပုံမြို့။	အနောက်တိုင်း ဆေးဝါးရော
၆။	ရွှေဂဲ အကိုက်အခဲပျောက်ဆေး	ရွှေပုဇွန် ဆေးဝါးထုတ်လုပ်ရေးအမှတ်(၂၈) (၂၃)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၇။	ရောင်နီဝါ အကိုက်အခဲပျောက်ဆေး	လိပ်စာမပါ	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၈။	Tiger Head and Pain Killer (Powder) အပူကျ အကိုက်အခဲပျောက်ဆေး	လိပ်စာမပါ	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၉။	Pain Killer	လိပ်စာမပါ	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၀။	၂မိနစ် အကိုက်အခဲပျောက်ဆေးမှုန့်	လိပ်စာမပါ	အနာက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၁။	မေတ္တာမွန် အကြောတက် လေးဖက်နာသောက်ဆေး	လိပ်စာမပါ	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၂။	ကျေးဇူးရှင် ပန်းနာရင်ကျပ် ပျောက်ဆေး	ကျေးဇူးရှင်ဆေးတိုက်၊ ဖုန်း-၀၁-၂၂၁၆၀၂	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ

၃။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးအား ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံနှင့် ငှက်ဖျားရောဂါအခြေအနေ

ဒေါက်တာခင်မွန်မွန်

ငှက်ဖျားရောဂါသည် ကမ္ဘာပေါ်တွင် ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါဆိုင်ရာ အစီရင်ခံစာအရ တစ်ကမ္ဘာလုံးရှိ လူဦးရေသန်းပေါင်း ၂၄၃သန်းသည် ငှက်ဖျားရောဂါခံစားခဲ့ရပြီး ယင်းတို့အနက် ၈၅ရာခိုင်နှုန်းမှာ အာဖရိကဒေသနိုင်ငံများ၌လည်းကောင်း၊ ၁၀ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသများ၌လည်းကောင်း၊ ငါးရာခိုင်နှုန်းမှာ ကျန်ဒေသများ၌လည်းကောင်း ဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။ ၄င်းအစီရင်ခံစာတွင် တစ်ကမ္ဘာလုံး၌ ငှက်ဖျားရောဂါကြောင့် သေဆုံးခဲ့ရသူ ၈ဒသမ ၆သိန်းရှိကြောင်း၊ အရှေ့တောင်အာရှဒေသရှိ နိုင်ငံပေါင်း ၁၁နိုင်ငံတွင် ကိုရီးယားဒီမိုကရက်တစ်နှင့် မော်လဒိုက်ပြည်သူ့သမ္မတနိုင်ငံတို့မှလွဲ၍ ကျန်နိုင်ငံအားလုံး၌ ငှက်ဖျားရောဂါ အမြစ်တွယ်လျက်ရှိကြောင်း သိရှိရသည်။ ရောဂါဖြစ်ပွားမှုအနေဖြင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်းဖြစ်ပွားမှု၏ ၁၇ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါဖြစ်ပွားမှုကိုလေ့လာပါက မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၆၀ခန့်တွင် ငှက်ဖျားရောဂါကူးစက်မှုကင်းစင်ပါသည်။ ကျန်မြို့နယ်များတွင်လည်း ဒေသ၏ ပထဝီအနေအထားအလိုက် တောတောင်နှင့် ဆက်စပ်လျက်ရှိသော နေရာများတွင်သာ ဖြစ်ပွားလျက်ရှိသည်။

ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ငှက်ဖျားရောဂါဖြစ်ပွားခဲ့လျှင် ရောဂါပြင်းထန်စွာ ခံစားရနိုင်ပြီး သေဆုံးမှုလည်း များပြားနိုင်ပါသည်။ မြန်မာနိုင်ငံတွင်မူ ငှက်ဖျားရောဂါအများဆုံး ကူးစက်ခံရသူများမှာ တောတောင်နှင့် ဆက်နွှယ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၀၉ခုနှစ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ရရှိသောစာရင်းများအရ ဆေးရုံဆေးခန်းများနှင့် ကွင်းဆင်းကုသခဲ့သော ငှက်ဖျားလူနာ စုစုပေါင်း၏ ၈ဒသမ ၇ရာခိုင်နှုန်းမှာ ငါးနှစ်အောက်ကလေးငယ်များဖြစ်ပြီး ၀ဒသမ ၆၂ရာခိုင်နှုန်းမှာ ကိုယ်ဝန်ဆောင်မိခင်များ ဖြစ်ကြသည်။ ကမ္ဘာ့အချို့နိုင်ငံများတွင် ငါးနှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုသည် အဓိကပြဿနာဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုနည်းပါးသည်။ မြန်မာနိုင်ငံတွင် မိခင်သေနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်းများ လျှော့ချရေးအတွက် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်သည် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသား ငှက်ဖျားကာကွယ်တိုက်ဖျက်ရေးစီမံကိန်းကို ၁၉၅၁ခုနှစ်မှစတင်၍ Pilot Project for Malaria Control အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၇ခုနှစ်၌ မြန်မာနိုင်ငံတစ်ဝန်းတွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်း (Malaria Eradlcation Programme) ကို ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၈ခုနှစ်တွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများကပါ ပူးပေါင်းတာဝန်ယူဆောင်ရွက်ပြီး ပြည်သူလူထုအောက်ခြေအထိ လွှမ်းခြုံမှုပေးနိုင်ခဲ့ပါသည်။ ထိုကာလက ငှက်ဖျားပိုး ရှိ/မရှိ စစ်ဆေးနိုင်သည့် အဏုကြည့်မှန်ဘီလူးများကို မြို့နယ်အဆင့်တွင်သာ အဓိကဖြန့်ဝေနိုင်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲအထိ ဖြန့်ဝေနိုင်မှုမှာ ခြောက်နေရာတွင်သာ ဖြန့်ဝေနိုင်ခဲ့ပါသည်။ ၂၀၀၆ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန ၇၀၀တွင် အဏုကြည့်မှန်ဘီလူးများ ဖြန့်ဝေတပ်ဆင်နိုင်ခဲ့ပြီး ကျေးလက်ဒေသအထိ ငှက်ဖျားရောဂါရှာဖွေဖော်ထုတ်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၉၈၈ခုနှစ်မတိုင်မီကာလများက ငှက်ဖျားရောဂါကုသရာတွင် ဆေးတစ်မျိုးတည်းဖြင့်ကုသခြင်း (Monotherapy)ကို အသုံးပြုခဲ့ရာမှ ပိုမိုထိရောက်သော ကုသမှုဖြစ်စေရန် ၂၀၀၂ခုနှစ်မှစ၍ ပိုမိုအစွမ်းထက်သော (အာတီမီဆီနင်)အခြေပြုသည့် ငှက်ဖျားရောဂါဆေးပေါင်းကို (Artemisinin Base Combination Therapy-ACT)ဖြင့် စတင်ကျင့်သုံးခဲ့ပါသည်။ ၄င်းအပြင် ငှက်ဖျားရောဂါပိုး ရှိ/မရှိ ချက်ချင်းစမ်းသပ်နိုင်သည့် ငှက်ဖျားအမြန်ဆေးစစ်ကိရိယာ(Rapid Diagnostic Test)များကို ကျေးလက်ကျန်းမာရေးဌာနခွဲအထိ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ၂၀၀၉ခုနှစ်တွင် ငှက်ဖျားရောဂါကုသသည့်ဆေးများ(ACT)ကို ငှက်ဖျားလူနာ ၇၂၅၀၀၀ခန့်အတွက်ကိုလည်း ငှက်ဖျားအမြန်သွေးစစ်ကိရိယာ ၁၂၆၄၀၀၀ အရေအတွက်နှင့်အတူ ကျေးလက်ကျန်းမာရေးဌာနခွဲအထိ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပြီး ငှက်ဖျားလူနာပေါင်း ခြောက်သိန်းခန့်ကို အခမဲ့ဆေးကုသမှုပေးနိုင်ခဲ့ပါသည်။ ၂၀၀၉ခုနှစ် စာရင်းဇယားများအရ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်သည် မြန်မာနိုင်ငံရှိ ငှက်ဖျားကူးစက်မှုများပြားသော မြို့နယ်များရှိ ကျေးရွာပေါင်း ၁၆၇၀ရွာရှိ အိမ်ခြေပေါင်း ၁၄၉၀၀၀ကို ဆေးစိမ်ခြင်ထောင် ၁၅၇၀၀၀ကျော် အခမဲ့ပေးဝေခဲ့ပြီး ကူးစက်မှုအသင့်အတင့်ရှိသော ကျေးရွာပေါင်း ၄၉၇၂ရွာရှိ အိမ်ခြေပေါင်း ၃၇၄၀၀၀၏ ခြင်ထောင်အလုံးပေါင်း ၈၇၀၀၀၀ကျော်ကို အခမဲ့ပိုးသတ်ဆေးစိမ်ပေးခဲ့ပါသည်။

အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်နီးနွှယ်သော အခြားဝန်ကြီးဌာနများကလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဝေးလံခက်ခဲသောဒေသများတွင် ငှက်ဖျားကူးစက်မှုမြင့်မားသော ကျေးရွာများကိုဖော်ထုတ်၍ တာရှည်ခံဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်း၊ ဆေးဖျန်းခြင်းနှင့် ထိရောက်သောကုသမှုများကို စီမံချက်များချမှတ်၍ အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်၏ ညွှန်ကြားချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ယခင်က ငှက်ဖျားရောဂါဖြစ်ပွားမှုမရှိသော တောင်ပေါ်ဒေသများတွင် ကပ်ရောဂါအသွင်ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဗဟိုငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤသို့ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှုတို့ကြောင့် မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းများကို လေ့လာပါက ၁၉၉၀ပြည့်နှစ်တွင် လူဦးရေတစ်သိန်းလျှင် ၂၄၀၀ဖြစ်ပွား၍ ၁၂ဦး သေဆုံးခဲ့ရာမှ ၂၀၀၉ခုနှစ်တွင် လူဦးရေတစ်သိန်းလျှင် ၁၀၀၀ခန့်ဖြစ်ပွားပြီး နှစ်ဦးခန့်သာ သေဆုံးခဲ့ပါသည်။ တစ်နည်းအားဖြင့် ၁၉၉၀ပြည့်နှစ် ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ၉၉၀၀၀၀ခန့်၊ ငှက်ဖျားကြောင့် သေဆုံးသူပေါင်း ၅၂၀၀ခန့်ရှိရာမှ ၂၀၀၉ခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ၅၉၁၀၀၀ခန့်၊ ငှက်ဖျားကြောင့် သေဆုံးသူပေါင်း ၉၇၀ခန့်သာ ရှိခဲ့သည်။ သို့ပါ၍ ဆယ်စုနှစ် နှစ်စုအတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ၄၀ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး သေဆုံးမှုမှာလည်း ၈၀ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ငှက်ဖျားကပ်ရောဂါအသွင်ဖြစ်ပွားမှုမှာ တစ်နှစ်လျှင် ပျမ်းမျှ (၁၂)ကြိမ်ခန့် ဖြစ်ပွားခဲ့သော်လည်း ၂၀၀၂ခုနှစ်တွင် နှစ်ကြိမ်နှင့် ၂၀၀၅ခုနှစ်နောက်ပိုင်းမှစ၍ တစ်နှစ်လျှင်တစ်ကြိမ်သာ ဖြစ်ပွားခဲ့ပြီး ပြင်းထန်မှုလည်းမရှိခဲ့ပါ။

ကမ္ဘာ့ကုလသမဂ္ဂ၏ရည်မှန်းချက်ဖြစ်သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်(၆)ဖြစ်သော ငှက်ဖျားရောဂါတိုက်ဖျက်ရေး၏ရည်မှန်းချက်မှာ ခရစ်နှစ် ၂၀၀၀ရှိ ငှက်ဖျားရောဂါဖြစ်ပွား/သေဆုံးမှုနှုန်းများကို အခြေပြု၍ ၂၀၁၅ခုနှစ်တွင် ယင်းနှုန်းများ၏ ၅၀ရာခိုင်နှုန်းလျှော့ချရန်ဖြစ်ပါသည်။ ထောင်စုနှစ်ရည်မှန်းချက်များကိုပြည့်မီရန် ဆောင်ရွက်ရာတွင် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် တိုက်တွန်းလိုက်ပါသည်။

၁။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။

၂။ ငှက်ဖျားပိုးသယ်ဆောင်သောခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည်။

၃။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ငှက်ဖျားရောဂါကင်းစင်ဒေသများမှ ငှက်ဖျားရောဂါထူထပ်သောဒေသများသို့ သွားရောက်နေထိုင် အလုပ်လုပ်သူများတွင် ပိုမိုဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။

၄။ ရောဂါလက္ခဏာများမှာ ချမ်းတုန်၍ဖျားခြင်း၊ တက်ဖျားကျဖျားအသွင်ဖျားခြင်း၊ ရောဂါပြင်းထန်ပါက တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်ခြင်း၊ မထိုင်နိုင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ ဆေးမသောက်နိုင်ခြင်း၊ အန်ခြင်း၊ မိန်းခြင်း၊ ဂဏှာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်းတို့ ဖြစ်နိုင်ပါသည်။

၅။ ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက (၂၄)နာရီအတွင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆောလျင်စွာသွားရောက်ပြသ၍ သွေးဖောက်စစ်ဆေးပြီး ဆေးပတ်လည်အောင် ကုသမှုခံယူပါ။ ငှက်ဖျားရောဂါကို စောစီးစွာဖော်ထုတ်၍ ထိရောက်စွာ ဆေးကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုးဝင်ခြင်းအပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှကာကွယ်နိုင်သည်။

၆။ ငှက်ဖျားရောဂါကာကွယ်ရန် ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာတွင်အိပ်အိပ် ခြင်ထောင်ဖြင့်အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ရန် တိုက်တွန်းလိုက်ပါသည်။

နမ့်ခမ်းမြို့နယ် ကောင်းဝိုင်း-လွယ်လောင်လမ်းပေါ်တွင် အရှည်ပေ ၂၀၊ အကျယ် ၁၄ပေ၊ အမြင့် ၆ပေ ၉လက်မရှိ ချောင်းကူးကွန်ကရစ်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၉၅သိန်းဖြင့် တည်ဆောက်ပေးလျက်ရှိရာ ဩဂုတ် ၉ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (၁၂၃)

ပန်းအလှပင်များ ပင်လုံ၌ စိုက်ပျိုး

ပင်လုံ စက်တင်ဘာ ၁

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၂၈ရက်က လမ်းမတော်လမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)
၂-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၅ ၈။ အကပဒေသာ
၈:၃၅ ၉။ International News
၈:၄၀ ၁၀။ Islands of Dhamma
၈:၄၅ ၁၁။ ဘဒ္ဒန္တပဏ္ဍဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မြစည်းခုံစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီးထံမှ နဝဂ်ဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် **ဇွဲကပင်ယူနိုက်တက် F.C နှင့် ဥဿာယူနိုက်တက် F.C**
၅:၀၀ ၂။ တေးဂီတအစီအစဉ်
၅:၁၀ ၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် မွေ့စကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၂) ဒဂုံ (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅:၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၄၀ ၅။ ကြည်ညိုဦးခိုက်ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၁၅ ၇။ မိုးလေဝသအခြေအနေ
၆:၂၀ ၈။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၂၁) ငြိမ်းချမ်း၊ညီထက်၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၅ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၃၀)
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ စည်းလုံးတဲ့မြေ (စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည်၊ မအူပင်)
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (အပိုင်း-၁၇)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၄)
၁၇။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၁၈။ အစီအစဉ်ပြီး၏။

ပုသိမ်-မုံရွာ ကားလမ်းကို အဆင့်မီ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် လမ်းကြိတ်စက်ကြီးဖြင့်ကျောက်များ ကြိတ်ပေးစဉ်။

● *ရှေ့ဖုံးမှ*

ထိုရောဝတီ၊ ချင်းတွင်း မြစ်နှစ်သွယ်တို့နှင့် အပြိုင် ကားလမ်းမိုင်ရှည်ကြီးကို အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိသည်။ အပိုင်း(၁) ပုသိမ်-ဥသျှစ်ပင်အပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက တာဝန်ယူဦးဆောင်ပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်၊ ပြည်သူ့ဆောက်လုပ်ရေးအထူးအဖွဲ့များနှင့် ကုမ္ပဏီများက (၁၇၉/၆)မိုင်ကိုလည်းကောင်း၊ အပိုင်း(၂)ဥသျှစ်ပင်မှ မကွေး-ပဲခူးတိုင်းနယ်စပ် ကန်ဗွန်းမအထိ (၁၈၃/၂)မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဦးစိန်သောင်းက တာဝန်ယူဦးဆောင်ပြီး အင်ဂျင်နီယာချုပ် ဦးသိန်းဇော်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အထူးအဖွဲ့များနှင့်ကုမ္ပဏီများ ပါဝင်သောအဖွဲ့များကလည်းကောင်း၊ အပိုင်း(၃)ဖြစ်သည့် ကန်ဗွန်းမ-မုံရွာအပိုင်းကို ဒုတိယဝန်ကြီး ဦးတင့်ဆွေကဦးဆောင်ပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူးအဖွဲ့၊ ခရိုင်အထူးအဖွဲ့နှင့်ကုမ္ပဏီများက (၈၇/၅)မိုင်ကိုလည်းကောင်း၊ စုစုပေါင်း ပုသိမ်-မုံရွာကားလမ်းသည် မိုင် ၄၅၀ ၅ဖာလုံကို လမ်းအင်္ဂါနှင့်ပြည့်မီသော မြေသားတာပေါင်လမ်းအကျယ် ပေ၄၀နှင့် ၁၂ပေ အကျယ်ရှိကတ္တရာလမ်းအဖြစ် ပေါ်ထွက်လာစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

အားထားရာ

ပုသိမ်-မုံရွာလမ်းသည် ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းဟူသည့် တိုင်းဒေသကြီးလေးတိုင်းကို ဖြတ်သန်းဖောက်လုပ်နေသည့် နိုင်ငံတော်၏ အဓိကအားထားရာ လမ်းကြောင်း တွင်ပါဝင်သော လမ်းမကြီးတစ်လမ်းဖြစ်သည်။

၁၉၇၀ပြည့်နှစ်တွင် ပုသိမ်-ကံကလေး-ရေကြည်-ငါးသိုင်းချောင်း-ရေနံ့သာ-ဘက်ရဲအပိုင်း မိုင် ၁၃၀ ၆ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း၊ ၁၉၇၁-၁၉၇၂ခုနှစ်တွင် ဘက်ရဲ-ဥသျှစ်ပင် အပိုင်း ၃၁မိုင် ၆ဖာလုံကို (Snowy Mountain Engineering Corporation -SMEC) (ကိုလံဘိုစီမံကိန်း)ကလည်းကောင်း၊ ၁၉၇၆-၁၉၇၇ခုနှစ်တွင် ဥသျှစ်ပင်-မင်းကုန်း အပိုင်း ၅၂မိုင် ၇ဖာလုံကို (SMEC) ကိုလံဘိုစီမံကိန်းကလည်းကောင်း တာဝန်ယူဖောက်လုပ်ခဲ့သည်။ ဥသျှစ်ပင်-မင်းတုန်းအပိုင်းတွင် ဥသျှစ်ပင်မှ ကံပြားအထိသာ ဆောင်ရွက်ခဲ့ပြီး ၁၉၈၂-၁၉၈၃ခုနှစ်တွင် မင်းတုန်း-ပဒါန်းအပိုင်း ၅၁မိုင် ၅ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးကလည်းကောင်း၊ ၂၀၀၀-၂၀၀၁ခုနှစ်တွင် ပဒါန်း-ကန်ဗွန်းမ အပိုင်း ၈၂မိုင် ၁ဖာလုံကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဩစတြေးလျကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍လည်းကောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ကန်ဗွန်းမ-မုံရွာအပိုင်း ၁၀၅မိုင် ၁ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း အသီးသီးတာဝန်ယူ ဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို အရေးကြီးလုပ်ငန်းတာဝန်အဖြစ်ခံယူပြီး ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်နှင့်တိုင်းဆက်သွယ်သည့် လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် မဟာဗျူဟာလမ်းမကြီးများကို ဖောက်လုပ်ပေးလျက်ရှိသည်။

ဆက်သွယ်သွားလာ

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး အကျယ်အဝန်းအားဖြင့်

ပုသိမ်-မုံရွာကားလမ်းကို အဆင့်မီကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် ကျောက်ခင်းလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ ကျော်ကျယ်ဝန်းကာ နိုင်ငံတစ်ဝန်း မီးရထားလမ်း၊ ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းများရှိသော်လည်း အဓိကဆက်သွယ်သွားလာရေးလမ်းကြောင်းမှာ မော်တော်ကားလမ်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက တံတားများဆောက်၍ လမ်းသစ်များဖောက်လုပ်ပေးလျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံတွင် အထက်ပိုင်းနှင့် အောက်ပိုင်းဆက်သွယ်သွားလာနေသည့် လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ခြမ်းမှသာ သွယ်တန်းလျက်ရှိသော်လည်း ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်နှင့် မြောက်အစိတ်အပိုင်းအားလုံးဆက်သွယ်သွားလာနိုင်ကြစေရန် လမ်း၊ တံတားများက အသင့်ရှိနေပြီဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ မုံရွာသို့ရောက်ပြီး နောက်တစ်နေ့တွင် မုံရွာခရိုင်မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ထွန်းနှင့်အတူ ကားနှစ်စီးဖြင့် ပုသိမ်-မုံရွာ ကားလမ်းမှ အမှတ်(၃)အပိုင်း မုံရွာ-ကန်ဗွန်းမအပိုင်းကို ဝင်ရောက်လေ့လာကြသည်။

ယင်းအပိုင်းတွင် မုံရွာခရိုင်ဆောက်လုပ်ရေးက မိုင်တိုင်အမှတ်(၄၃၉) မှ မိုင်တိုင်အမှတ်(၄၅၀/၅) အထိ ၁၁ မိုင် ၅ ဖာလုံ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးလှထွန်းဦး ဦးဆောင်သည့်အဆောက်အအုံ အထူးအဖွဲ့(၃)က မိုင်တိုင်အမှတ် ၄၃၁/၁ မှ ၄၃၉ အထိ ၈ မိုင်၊ နိုင်ဂရုကုမ္ပဏီက မိုင်တိုင်အမှတ် ၄၂၄/၅ မှ ၄၃၁ အထိ ၆ မိုင် ၃ ဖာလုံ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသောင်းမြင့်ထွန်း ဦးဆောင်သည့် လမ်းအထူး အဖွဲ့(၁၀)က မိုင်တိုင်အမှတ် ၄၁၄/၅ မှ ၄၂၄/၅ အထိ ၁၀ မိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်ကြည်ကြည်သွယ် ဦးဆောင်သည့် လေယာဉ်ကွင်းအထူးအဖွဲ့ (၂)က မိုင်တိုင်အမှတ် ၃၉၀ မှ ၄၁၄/၅ အထိ ၂၄ မိုင် ၅ ဖာလုံ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့် ဦးဆောင်သော အဆောက်အအုံ အထူးအဖွဲ့ (၅)က ၁၀ မိုင်၊ မြန်မာအဓိပတိကုမ္ပဏီက မိုင်တိုင်အမှတ် ၃၈၇ မှ ၃၉၁ အထိ ၄ မိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတိုင်ခိုင် ဦးဆောင်သည့် လမ်းအထူးအဖွဲ့(၁၃)က မိုင်တိုင်အမှတ် ၃၈၃ မှ ၃၈၇ အထိ ၄ မိုင်၊ ဒုတိယအင်ဂျင်နီယာမှူး ဒေါ်ငြိမ်းငြိမ်း ဦးဆောင်သည့် ပခုက္ကူခရိုင်ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့က မိုင်တိုင်အမှတ် ၃၆၈ မှ ၃၈၀ အထိ ၁၂ မိုင်၊IGE ကုမ္ပဏီမှ မိုင်တိုင်အမှတ် ၃၆၃ မှ ၃၆၈ အထိ ၅ မိုင်စသည်ဖြင့် အသီးသီးတာဝန်ယူ၍ ဖောက်လုပ်လျက်ရှိကြသည်။ တချို့နေရာများတွင် မြေသားလုပ်ငန်းကို စက်ကြီးများဖြင့် ဆောင်ရွက်နေကြပြီး တချို့နေရာတွင် ကျောက်ခင်းလုပ်ငန်း၊ တချို့နေရာများတွင် ကတ္တရာလောင်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

တည်ဆောက်

ပုသိမ်-မုံရွာလမ်းအပိုင်း(၃) ကဗွန်းမ မှ မုံရွာအထိ ၈၇ မိုင် ၅ ဖာလုံတွင် ရေပွန်တံတား ၁၀၈စင်း၊ ပေ ၅၀ အောက်တံတား ၅၁ စင်း၊ ပေ ၅၀ အထက် တံတား ၁၄ စင်းကို လမ်းနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြောက်ယမားချောင်းတံတား

ကျွန်တော်တို့အဖွဲ့သည် မုံရွာမှ ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ် အပါအဝင် ကျားတက်၊ တောင်ယမား၊ ဝက်ခုတ်၊ လင်းတကော၊ မြိုင်၊ ကိုင်းတောမ၊ ရေပြာအပိုင်းတို့ကိုလေ့လာပြီးနောက် အပြန်တွင် ပုသိမ်-မုံရွာလမ်းပေါ်ရှိ မုံရွာခရိုင် ယင်းမာပင်မြို့နယ်အတွင်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁၃)က တာဝန်ယူတည်ဆောက်နေသော မြောက်ယမားချောင်းတံတားသို့ဝင်ခဲ့ကြသည်။

မြောက်ယမားချောင်း၏ တံတားဆိုင်ရာအချက်အလက်များမှာ-

တံတားအမျိုးအစား	-	နှစ်လွှာတစ်ထပ်ဘေလီ (D/S ဘေလီ)
တံတားအရှည်	-	၁၂၈၀ ပေ
ခန်းဖွင့်ဖွဲ့စည်းပုံ	-	၈၀ ပေ × ၇ ခန်း (D/S ဘေလီ)
	-	၆၀ ပေ × ၁၂ ခန်း (D/S ဘေလီ)
ယာဉ်သွားလမ်းအကျယ်	-	၁၀ ပေ ၁၀ ½လက်မ
ခွင့်ပြုယာဉ်အလေးချိန်	-	ယာဉ်တစ်စီးချင်း ၁၃ တန်
စီမံကိန်းခန့်မှန်းခြေတန်ဖိုး	-	ကျပ် ၁၅၃၆၅ သိန်း
	-	ယူရို ၂၈၂၈၅ ဒသမ ၀၃၂
စီမံကိန်းစတင်သည့်နေ့	-	၁-၃-၂၀၀၈ ရက်
တံတားတစ်စင်းလုံးပြီးစီးမှု	-	၈၅ % (ရာခိုင်နှုန်း) ဖြစ်သည်။

အဆိုပါ ပုသိမ်-မုံရွာကားလမ်းပေါ်ရှိ မြောက်ယမားတံတားတည်ဆောက်ရေးစီမံကိန်း ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီမှစ၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် မြေစမ်းသပ်ခြင်း၊ တံတားပုံစံထုတ်ခြင်း၊ တံတားအူကြောင်းရှာဖွေသတ်မှတ်ခြင်းများ စတင်ဆောင်ရွက်ခဲ့ပြီး တံတားအုတ်မြစ်လုပ်ငန်းဖြစ်သည့် ၁ ဒသမ ၂ cm Ø အနက် ၃၀ m Borepile လွန်တူးခြင်း၊ ၁-၃-၂၀၀၈ ရက်၌ အစမ်းတွင်းစတင်တူးဖော်ခြင်းဖြင့် တံတားဆောက်လုပ်ရေး လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ စုစုပေါင်းတံတားတိုင် ၅၄လုံး ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ဆောင်ရွက်ပြီးစီး

မြောက်ယမားတံတားတည်ဆောက်နေစဉ် အခြား ဧရာဝတီမြစ်ကူးတံတားများ တည်ဆောက်ရေးလုပ်ငန်းတွင် အရေးပေါ်လိုအပ်ချက်အရ လွန်တူးဘိုးပိုင်စက်ကို ယာယီအစီအစဉ်ဖြင့် လွှဲပြောင်းပေးလိုက်ရ၍ လွန်တူးဘိုးပိုင်အုတ်မြစ်လုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) တံတားဦးစီး၏စီမံမှုဖြင့် မူလ ၁ဒသမ၂ m Ø သုံးလုံးအစား ၀ဒသမ၈ m Ø ခြောက်လုံးဖြင့် ပြောင်းလဲတူးဖော်ခြင်းဆောင်ရွက်ခဲ့ရာ ရေလယ်တိုင်အမှတ် P ၁၀မှ P ၁၃အထိ စုစုပေါင်း ၂၄လုံးဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

တံတားအပေါ်ထည်ပိုင်းအတွက် လိုအပ်သော ဘေလီသံပေါင်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)၏ စီစဉ်ပံ့ပိုးမှုဖြင့် လုပ်ငန်းခွင်သို့ အားလုံးရောက်ရှိနေပြီး ဘေလီသံပေါင်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တပ်ဆင်

တံတားအပေါ်ထည်ပိုင်းမှာ ကမ်းကပ်ခုံအမှတ် A_1 မှ ရေလယ်တိုင်အမှတ် P_7 အထိ နှစ်လွှာတစ်ထပ်ဘေလီ (D/S Bailey)ဖြင့်လည်းကောင်း၊ ရေလယ်တိုင်အမှတ် P_7မှ ကမ်းကပ်ခုံအမှတ် A_2အထိ တစ်လွှာတစ်ထပ် (S/S Bailey)ဖြင့်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ယခုအခါ ဘေလီသံပေါင်များရောက်ရှိလာပြီဖြစ်၍ တပ်ဆင်နိုင်သောအခန်းများအား တပ်ဆင်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ဖောက်လုပ်နေဆဲ

အချုပ်အားဖြင့်ဆိုရသော် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ဒေသများဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးနှင့် တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေးတို့အတွက် **"မြစ်ကိုမြင်လျှင်တံတားဆင် ပြည်ခွင်သာဖို့လမ်းခင်းစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လမ်းနှင့်တံတားများကို တည်ဆောက်ဖောက်လုပ်လျက်ရှိသည်။ ယခုအခါမြန်မာတစ်ပြည်လုံးတွင် တည်ဆောက်ပြီး ပေ ၁၈၀အထက် တံတားကြီးအစင်းပေါင်း ၂၄၀ နှင့်တည်ဆောက်ဆဲ ၂၂စင်းရှိပြီး၊ ပေ ၁၈၀ အောက် တံတားပေါင်း ၂၉၁၅ စင်းအထိတည်ဆောက်ပေးထားသည်။ ကားလမ်းကဏ္ဍတွင် ၂၀၁၀ ခုနှစ် ဩဂုတ်လအထိ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်းအပါအဝင် စုစုပေါင်း လမ်း မိုင် ၂၁၅၅၈ မိုင် ၁ဖာလုံ တို့ကိုဖောက်လုပ်ပေးထားပြီး လမ်းမိုင်ပေါင်း ၁၈၁၅ မိုင်ကို ဖောက်လုပ်နေဆဲဖြစ်သည်။ ထိုဖောက်လုပ်ဆဲလမ်းများထဲမှ အရှည်ဆုံးလမ်းမကြီးအဖြစ် သမိုင်းတွင်စေမည့် ဤဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာလမ်းမကြီး၏ အပိုင်း(၃) ဖောက်လုပ်နေမှုကို ကွင်းဆင်းသွားရောက်လေ့လာပြီး ဂုဏ်ပြုရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

ပုသိမ်-မုံရွာ ကားလမ်းဖောက်လုပ်ရာတွင် မြေဖို့မြေသယ်လုပ်ငန်းကို စက်ကြီး၊ မြေသယ်ယာဉ်ကြီးများဖြင့် ဤသို့ ဆောင်ရွက်လျက်ရှိကြသည်။

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန တာဝန်ခံ အရာရှိများအား ဝန်ကြီး ဦးလှထွန်း တွေ့ဆုံမှာကြား

နေပြည်တော် စက်တင်ဘာ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံ အရာရှိများအား တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံများက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာ၌ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးသားမှန်ကန်စွာ ကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှု တိုင်းထိရောက်ထက်မြက်စေရန်၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရန် အရေးကြီးကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မိုင်းဖြတ်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

မိုင်းဖြတ် စက်တင်ဘာ ၁

မိုင်းဖြတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၀ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟိန်းသူဝင်း၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌကို ပြိုင်ပွဲဝင်ဘောလုံးအသင်း ကိုးသင်းက အလေးပြုပြီး မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ၎င်းနောက် ပြိုင်ပွဲဝင် ဘောလုံးအသင်းများက အားကစားအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြသည်။

အနိုင်ရရှိ

ထို့နောက် ကွက်သစ်အသင်းနှင့်ဝမ်မိုင်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကွက်သစ်အသင်းက ဝမ်မိုင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်းသိရသည်။ **(ခရိုင်ပြန်/ ဆက်)**

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ဆားရောင်းချသောဆိုင်များ၌ အိုင်အိုဒင်းဆားပါဝင်မှုရှိ မရှိကို ခရိုင်နှင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၃၇)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၃-၉-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း + ကြေညာချက်
၇း၀၅ တောင်တန်းသာသနာပြု
ဆရာတော်ကြီး ဦးဥတ္တမသာရ၏
တရားတော်-(ရတနသုတ်+
ဂုဏ်တော်ကွန်ချာ)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(ကြည့်တတ်ကြပါစေ)
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကမ္ဘာ့တင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ဆိုကြပျော်ရွှင် တေးသံစဉ်
(Intermediate Level)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း
နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk
တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရင်ခုန်စီးဆင်း
အနုပညာသတင်း(၆)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅ နိုင်ငံရေးဦးတည်ချက်
တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ(အမေ)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ အနုအလှအစုံစုံ
သူ့ဘဝအဖုံဖုံ(ဧရာ)
စီးပွားရေးဦးတည်ချက်
တေးပဒေသာ
၂၁း၀၀ ဆောင်းပါး
(ဝါသနာနှင့် ရည်ရွယ်ချက်)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ

သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၁၄ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ ဒုတိယဦးစီးမှူးဦးအောင်ဖေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ် စာပေ လှူမိတ်ဆွေ

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း မြောက်ဥက္ကလာပမြို့နယ်၌ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

မြောက်ဥက္ကလာပမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးလုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဝင်းက အမှာစကားပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဆန်းဆွေနွဲ့က သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးကျော်မြင့် က ရွေးကောက်ပွဲဥပဒေ၊ နည်းပညာဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးထွန်းမြင့်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏လုပ်ငန်းညွှန်ကြားချက်များကို လည်းကောင်း ပို့ချသည်။ ထို့နောက် မဲရုံလုပ်ငန်းသရုပ်ပြခြင်းကို ဆက်လက်ဆောင်ရွက်သည်။ သင်တန်းသို့ မဲရုံမှူး၊ ဒုတိယ မဲရုံမှူး အပါအဝင် သင်တန်းသား ၆၀၀ကျော် တက်ရောက်ခဲ့ကြသည်။ **(မြို့နယ်ကော်မရှင်)**

ဘိန်းစိုက်ပျိုးမှုပပျောက်ရေး မန်တုံမြို့၌ ပညာပေးဆွေးနွေး

မန်တုံ စက်တင်ဘာ ၁

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၃၁ရက် နံနက် ၁၀ နာရီက မန်တုံ အခြေခံပညာအထက်တန်းကျောင်း ရွှေလီခန်းမဆောင်၌ကျင်းပရာ ကျောက်မဲခရိုင် မူးယစ်ဆေးဝါးကာကွယ်နှိမ်နင်းရေးအဖွဲ့ ဥက္ကဋ္ဌခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဘိန်းနှင့်ပတ်သက်သော ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဆိုးကျိုးများအကြောင်းကို အသိပညာပေးဆွေးနွေး ဟောပြောခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာအလေးမ အားကစားအဖွဲ့ ရှန်ဟိုင်းမြို့သို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ-တရုတ်နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ အဖွဲ့ဝင် ငါးဦးပါဝင်သော မြန်မာအလေးမအားကစားအဖွဲ့သည် ရှန်ဟိုင်းအလေးမအဖွဲ့နှင့် နှစ်လကြာပူးတွဲလေ့ကျင့်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ ဩဂုတ် ၃၁ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

လိုက်ပါ

မြန်မာနိုင်ငံအလေးမအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဌေးဝင်း (တွဲဖက်အတွင်းရေးမှူး) မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ နည်းပြဦးဝင်းနိုင် (နည်းစနစ်မှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ၊မန္တလေး)၊ အားကစားသမားများအဖြစ် ပြည့်ဖြိုး (ကာကွယ်ရေးဝန်ကြီးဌာန)၊ ကျော်မိုးဝင်း (လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန)၊ ဟေမာမြင့်ဝင်း(အမှတ်(၁)စက်မှုဝန်ကြီးဌာန) တို့လိုက်ပါသွားကြောင်းသိရသည်။ **(သတင်းစဉ်)**

ကျေးရွာပိုင်သစ်တောစိုက်ခင်း မန်စီမြို့နယ်၌လွှဲအပ်

မန်စီ စက်တင်ဘာ ၁

မန်စီမြို့နယ်အတွင်း ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ကျေးရွာပိုင်သစ်တောစိုက်ခင်းများ စိုက်ပျိုးထူထောင်လျက်ရှိရာ ကောင်ရာရပ်ကွက်တွင် ကျွန်းပင် ၃၀၀နှင့် ပျဉ်းကတိုးပင် ၃၀၀ ပါဝင်သောကျေးရွာပိုင် သစ်တောစိုက်ခင်းအား သက်ဆိုင်ရာရပ်ကွက်သို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၄ရက် နံနက် ၉နာရီက အဆိုပါ စိုက်ခင်း၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဥက္ကာတို့က ရပ်ကွက်ဥက္ကဋ္ဌ ဦးလဆမ်ထံသို့ သစ်တောစိုက်ခင်းဆိုင်ရာ မှတ်တမ်းများ ပေးအပ်ခဲ့ကြသည်။ မန်စီမြို့နယ် ၂၀၁၀ခုနှစ် မိုးရာသီတွင် မန်းရကျေးရွာ၊ ပန်ဆပ် ကျေးရွာ၊ ကိုက်ထိပ်ကျေးရွာများတွင် ယူကလစ်**(အပေါ်ပုံ)** တစ်ဧကစီ၊ တောင်းလိန်ကျေးရွာနှင့် ကောင်ရာရပ်ကွက်တို့တွင် ပျဉ်းကတိုးနှင့် ပိတောက် တစ်ဧကစီ စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ
ဝန်ကြီးသူရဦးအေးမြင့် ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်း၌ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် တတိယပွဲစဉ်ကို တက်ရောက်ကြည့်ရှုအားပေးသည်။

ယှဉ်ပြိုင်ကစားမည်

ယနေ့ကျင်းပသောပွဲစဉ်တွင် အားကစားဝန်ကြီးဌာနအသင်းက အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ စက်တင်ဘာ ၂ရက် ညနေ ၃နာရီခွဲတွင် ကွာတားဖိုင်နယ် စတုတ္ထပွဲစဉ်အဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ဘီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း ထိုင်းသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

၂၀၁၀ခုနှစ် စက်တင်ဘာ ၁ရက်မှ ၉ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖွင့်လှစ်မည့် CCCJ, SHUZENJI Mobile Sub Center Training Camp-2010-Bangkok စက်ဘီးသင်တန်း တက်ရောက်ရန်နှင့် စက်တင်ဘာ ၁၁ရက်မှ ၁၂ရက်အထိ Track Asia Cup Thiland Round-2010 စက်ဘီးပြိုင်ပွဲတို့တွင် မြန်မာ့လက်ရွေးစင် စက်ဘီးအသင်း ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် စက်ဘီးအသင်းသည် ဩဂုတ် ၃၁ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် စက်ဘီးအသင်းအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပါဝင်

မြန်မာ့လက်ရွေးစင်စက်ဘီးအသင်းတွင် နည်းပြဆရာများအဖြစ် ဦးကျော်မင်းသန်းနှင့် ဦးသာထွန်းကျော်၊ အမျိုးသား လက်ရွေးစင်များအဖြစ် အောင်မျိုးနိုင်၊ မျိုးလွင်နှင့် အောဘယ်လ်၊ အမျိုးသမီး လက်ရွေးစင်များအဖြစ် အေးအေးသင်း၊ ကြည်ဖြူဖြိုးဝေနှင့် စန္ဒာကျော်တို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဧယျာရွှေမြေနဲ့ ဉဿာယူနိုက်တက်တို့ ကွာတားတက်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် စက်တင်ဘာ ၁

၂၀၁၀ ခုနှစ် MFF Cup ရှုံးထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့တွင်ကျင်းပရာ ဧယျာရွှေမြေအသင်းနဲ့ ဉဿာယူနိုက်တက်အသင်းတို့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပါတယ်။

(သုဝဏ္ဏကွင်း)

ဧယျာရွှေမြေ - လေးဂိုး
မနော်မြေ - တစ်ဂိုး

အမှတ်ပေးပြိုင်ပွဲမကစားထားရတဲ့ ဧယျာရွှေမြေအသင်းဟာ ဒဏ်ရာရနေတဲ့ တိုက်စစ်မှူး ကျော်ဘိုဘိုကလွဲရင် ဇော်လင်းထွန်း-၂၊ မင်းသူ၊ ရာဇာဝင်းသိန်းတို့နဲ့ နိုင်ငံခြားသားငါးဦးစလုံးကို ယခုပွဲမှာ ပွဲထုတ်ပြီး အနိုင်ရဖို့ ကြိုးစားသွားခဲ့ပါတယ်။ လာမယ့်စနေနေ့မှာ ဇွဲကပင်ယူနိုက်တက်အသင်းနဲ့ ယှဉ်ပြိုင်ရဖို့ရှိနေတဲ့ မနော်မြေအသင်းဟာ အမာခံ ကစားသမားအများစုကို အနားပေးခဲ့တာကြောင့် ဧယျာရွှေမြေကို မယှဉ်နိုင်ခဲ့ပါဘူး။

သွင်းယူခဲ့

ပြီးခဲ့တဲ့အပြောင်းအရွှေ့ကာလမှာ ခေါ်ယူထားတဲ့ အီတလီတိုက်စစ်မှူးမစ်တာနဲ့ မက်ဆီဒိုးနီးယား တောင်ပံကစားသမား ကီမယ်တို့ကတော့ ရာဇာဝင်းသိန်း၊ ရဲဝေယံစိုးတို့နဲ့အတူ ဧယျာရွှေမြေ တိုက်စစ်ကို အကောင်းဆုံးပုံဖော်ပေးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် ကိုးမိနစ်မှာ ရာဇာဝင်းသိန်း ပေးတာကနေ တိုက်စစ်မှူးမစ်တာက အဖွင့်ဂိုးစသွင်းခဲ့ပြီး မိနစ်အကြာမှာ ကီမယ်၏ ဖန်တီးပေးမှုကနေ ရဲဝေယံစိုးက ဧယျာရွှေမြေအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာလည်း ဧယျာရွှေမြေအသင်းကပဲ ပွဲကိုစိုးမိုးသွားခဲ့ပါတယ်။ မနော်မြေအသင်းရဲ့ ခံစစ်ပိုင်း အမှားတွေကြောင့် ဧယျာရွှေမြေ ဂိုးသွင်းခွင့်တွေရခဲ့ပါတယ်။ မိနစ်၅၀မှာ မနော်မြေ နောက်ခံလူ စိုင်းသန်းအောင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ပြီး ၆၇မိနစ်မှာ မနော်မြေဂိုးသမား မိုင်ထွယ်အောင်ရဲ့ အမှားကနေ ရာဇာဝင်းသိန်းက စတုတ္ထဂိုး သွင်းယူခဲ့ပါတယ်။ မနော်မြေအသင်းကတော့ ခံစစ်နဲ့ပဲကစားသွားခဲ့ပြီး နှစ်သိမ့်ဂိုးကိုတော့ ၃၃ မိနစ်မှာ တင်အောင်မိုးက သွင်းယူခဲ့ပါတယ်။

အခုပွဲ အနိုင်ရရှိခဲ့တဲ့ ဧယျာရွှေမြေအသင်းဟာ ကွာတားဖိုင်နယ်မှာ VIVA အသင်းနဲ့ Delta United တို့ပွဲစဉ်က အနိုင်ရတဲ့အသင်းနဲ့ တွေ့ဆုံရမှာဖြစ်ပါတယ်။

(အောင်ဆန်းကွင်း)

ဉဿာယူနိုက်တက် - သုံးဂိုး
နေပြည်တော် - တစ်ဂိုး

MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့မှာ ထင်သလောက်ရလဒ်မကောင်းသေးတဲ့ ဉဿာအသင်းဟာ အခုရှုံးထွက်ပြိုင်ပွဲမှာ ခြေစွမ်းပြပြီး ကွာတားဖိုင်နယ်သို့တက်ရောက်ခဲ့ပါတယ်။ ဉဿာအတွက် ဂိုးတွေကို ၁၉ မိနစ်နဲ့ ၃၁ မိနစ်မှာ တိုက်စစ်မှူး လစ်ပီလစ်ပီက သွင်းယူခဲ့ပြီး ၆၁ မိနစ်မှာ မိုင်းအိုက်နိုင်က တတိယဂိုး သွင်းခဲ့ပါတယ်။ လူစုံထုတ်လာတဲ့ နေပြည်တော်အသင်းဟာ အဆုံးသတ်အားနည်းလို့ အခုပွဲလည်းရှုံးနိမ့်ခဲ့ပြီး မောင်မောင်မြင့်က ၈၄ မိနစ်မှာ ပယ်နယ်တီကနေ ဂိုးတစ်ဂိုး ပြန်သွင်းခဲ့ပါတယ်။

အခုပွဲအနိုင်ရရှိခဲ့တဲ့ ဉဿာယူနိုက်တက်အသင်းဟာ ကွာတားဖိုင်နယ်မှာ ဇွဲကပင်ယူနိုက်တက်နဲ့ ဆက်သွယ်ရေး အနိုင်ရတဲ့အသင်းနဲ့ ကစားရမှာပါ။

MFF Cup ရှုံးထွက်ပြိုင်ပွဲကို စက်တင်ဘာ၈ရက် (ဗုဒ္ဓဟူးနေ့) မှာ ဆက်လက်ကျင်းပမှာဖြစ်ပြီး သုဝဏ္ဏကွင်း၌ Southern Myanmar နှင့် ရန်ကုန်ယူနိုက်တက်၊ အောင်ဆန်းကွင်း၌ ရက္ခပူရအသင်းနဲ့ ကမ္ဘောဇအသင်းတို့ ကစားကြမှာပါ။ ။ **(မြန်မာ့အလင်း)**

၄-၉-၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ

(ကမ္ဘောဇကွင်း)
ကမ္ဘောဇ - ရန်ကုန်ယူနိုက်တက်

(ဗထူးကွင်း)
ရတနာပုံ - နေပြည်တော်

(သုဝဏ္ဏကွင်း)
မနော်မြေ - ဇွဲကပင်ယူနိုက်တက်

ဧယျာရွှေမြေအသင်းမှ ရာဇာဝင်းသိန်း၏ ထိုးဖောက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို မနော်မြေနောက်ခံလူများနှင့် ဂိုးသမားတို့ ဟန့်တားကာကွယ်စဉ်။

မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းသားတစ်ဦးအား မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးခေါ်ဆောင်လာစဉ်။

မက္ကဆီကိုမှ မူးယစ်ဆေးသားကောင်များ၏ နောက်ဆက်တွဲဖြစ်ရပ်များ

သတင်းမှတ်စု-ကိုသစ္စာ

ဟိုင်ဒါဂိုမြို့ . . . . . ။

မက္ကဆီကိုနိုင်ငံ တာမာယူလီပက်စ်ပြည်နယ်တွင် တည်ရှိပြီး နယ်စပ်မြို့တစ်မြို့ ဖြစ်သည်။ လူဦးရေ ၅၀၀၀၀ခန့်နေထိုင်ပြီး မြို့တော်ဝန်မှာ မာကိုအင်တိုနီရိုလီရယ်ဂါဆီရာ ဖြစ်သည်။

ဩဂုတ် ၂၉ရက် နံနက်က မြို့တော်ဝန် ဂါဆီရာကို သေနတ်သမားများက လုပ်ကြံသတ်ဖြတ်သွားကြသည်။ မြို့တော်ဝန် ဂါဆီရာ သေနတ်ဒဏ်ရာဖြင့် သေဆုံးပြီး သမီးဖြစ်သူလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ရဲတပ်ဖွဲ့၏ လေ့လာစုံစမ်းမှုအရ မူးယစ်ဆေးဝါး ဂိုဏ်းများ၏ လက်ချက်ပင်။

ကိုင်တွယ်

မက္ကဆီကိုနိုင်ငံကား မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ဖြတ်သန်းမှု၊ သယ်ယူမှုနှင့် ရောင်းဝယ်မှုများကို တရားမဝင်မူးယစ်ဂိုဏ်းများက ဥပဒေကိုဆန့်ကျင်ကာ မှောင်ခိုလုပ်ကိုင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က သိရှိထားခဲ့ပြီးဖြစ်သော်လည်း လက်နက်များ ကိုင်ဆောင်ကာ ရက်စက်တတ်မှုကြောင့် ဖြည်းဖြည်းချင်း ကိုင်တွယ်ဆောင်ရွက်နေခြင်းပင် ဖြစ်သည်။

ပစ်ခတ်မှု

မက္ကဆီကိုသမ္မတ ကာလ်ဒီရွန်က မူးယစ်ဂိုဏ်းများကို တိုက်ခိုက် ချေမှုန်းရန် အမိန့်ပေးထားပြီး ဖြစ်သော်လည်း လက်တွေ့အကောင် အထည်ဖော်ရန် ခက်ခဲနေဆဲပင်။ မထင်လျှင်မထင်သလို သတ်ဖြတ်မှု၊ ပစ်ခတ်မှုများက ရှိနေဆဲပင် ဖြစ်သည်။

ဂိုင်မက်စ်မြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့က စစ်ဆေးမှုများပြုလုပ်နေစဉ်။

ပြီးခဲ့သည့် သီတင်းနှစ်ပတ်ခန့်ကလည်း တာမာယူလီပက်စ် ပြည်နယ်အတွင်း ကားဗုံးနှစ်လုံးပေါက်ကွဲခဲ့သေးသည်။ ကားဗုံးပေါက်ကွဲမှုကြောင့် ၁၀ဦးသေဆုံးခဲ့ရာ ရဲတပ်ဖွဲ့က စုံစမ်းချက်အရ မူးယစ်ဂိုဏ်းများ၏ လက်ချက်ပင်ဖြစ်ကြောင်း သိရှိခဲ့ရပြန်သည်။ ဟိုင်ဒါဂိုမြို့လယ်တွင် ဩဂုတ် ၃၀ရက်က ဗင်ကားတစ်စီးပေါ်မှ သေနတ်သမားများ ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာ ရရှိမှုများတွင် မူးယစ်ဂိုဏ်းအဖွဲ့ဝင်များ၏ လက်ချက်ပင် ဖြစ်နေပြန်သည်။

ခေါင်းဆောင်နေ

တစ်ဖန် မက္ကဆီကိုနိုင်ငံမြောက်ဘက်ရှိ အမေရိကန် တက္ကဆက်ပြည်နယ်နှင့် ဆက်စပ်နေသည့် တာမာယူလီပက်စ် ပြည်နယ်၌ပင် ဩဂုတ်၂၅ရက်က လူ၇၂ဦး ၏ ရုပ်အလောင်းများကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။ အမျိုးသား ၅၈ဦးနှင့် အမျိုးသမီး ၁၄ဦးတို့၏ ရုပ်အလောင်းများပင် ဖြစ်သည်။ ထို့အပြင် ဩဂုတ် ၂၇ရက်တွင်လည်း မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂွာယာရီယိုနှင် ပြည်နယ်အတွင်း အသတ်ခံရသည့် လူ ၁၄ဦး၏ အလောင်းများကို ထပ်မံတွေ့ရှိခဲ့သည်ဟု ဆိုသည်။ ၎င်းအလောင်းများကို ပစိဖိတ်ကမ်းခြေ အကာပူလ်ကို အပန်းဖြေစခန်းအနီး၌ တွေ့မြင်ခဲ့ခြင်း ဖြစ်သည်။ မက္ကဆီကိုတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးဂိုဏ်းများကို ဖြိုခွင်းမှုများ ပြုလုပ်နေသော်လည်း ထိရောက်မှု မရှိသေးချေ။ မူးယစ်ဂိုဏ်းများက ခေါင်းထောင်နေဆဲပင် ဖြစ်သည်။

လက်တွေ့ဆောင်ရွက်

မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါး မှောင်ခိုဖြတ်သန်း သယ်ဆောင်မှုများကို မက္ကဆီကို ကြည်းတပ်၊ ရေတပ်များက လမ်းကြောင်းများပိတ်ဆို့ကာဖမ်းဆီးပြီး ပြစ်ဒဏ်များ ချမှတ်သော်လည်း သယ်ဆောင်မှုများက လျော့ကျသွားခြင်းမရှိချေ။ ပြီးခဲ့သည့် ဩဂုတ် ၂၇ရက်က မက္ကဆီကိုရေတပ်က ဖမ်းဆီးသိမ်းဆည်းမိခဲ့သည့် မူးယစ်ဆေးဝါး ၇ဒသမ ၆တန်ကို ဂိုင်မက်စ်မြို့၌ မီးရှို့ဖျက်ဆီးခဲ့သည်။ သုံးလအတွင်း သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများဖြစ်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မက္ကဆီကိုအစိုးရက လက်တွေ့ဆောင်ရွက်ပြခဲ့ခြင်း ဖြစ်သည်။

မက္ကဆီကိုနိုင်ငံသည် မြောက်ဘက်၌ အမေရိကန်နိုင်ငံနှင့် တောင်ဘက်တွင် ဂွာတီမာလာနိုင်ငံတို့တည်ရှိရာ မူးယစ်ဆေးဝါးများကို အမေရိကန်သို့ တင်ပို့ပေးသည့် အဓိကလမ်းကြောင်း ဖြစ်နေသည်။ မက္ကဆီကိုနိုင်ငံတွင်း၌ မူးယစ်ဆေးဝါးနှင့် ပတ်သက်ဆက်စပ်မှုများရှိနေသည်။ မူးယစ်ဆေးဝါးဂိုဏ်းများကလည်း ခြေချင်းလိမ်နေကြသည်။ ဆိုးကျိုးကား မူးယစ်ဂိုဏ်းများကြောင့် မက္ကဆီကို၌ သေဆုံးသူဦးရေမှာ ၂၀၀၆ခုနှစ်မှစတင်ပြီး ၂၀၁၀ ခုနှစ် ဩဂုတ် ၃၁ရက်အထိ ၂၈၀၀၀ကျော် ရှိနေပြီ ဖြစ်သည်။

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းကား အမေရိကန်သို့ မူးယစ်ဆေးဝါးများတင်သွင်းရာ အဓိကလမ်းကြောင်းဖြစ်နေသည်။ မက္ကဆီကို အစိုးရက တင်းတင်းကျပ်ကျပ် ကိုင်တွယ်ဖြေရှင်းနေပြီ ဖြစ်သည်။ စစ်ဆင်ရေးတစ်ခု အသွင်ဆင်နွှဲမည်ဟု မက္ကဆီကိုသမ္မတက ထုတ်ဖော်ပြောကြားထားသည်။

မူးယစ်ဆေးဝါးကား ရောင်းဝယ်သူ၊ သုံးစွဲသူများကို ဆိုးကျိုးပေးသည်သာမက မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်ရာ လမ်းကြောင်းရှိသဖြင့် ၎င်းနိုင်ငံရှိ ပြည်သူများပါ မူးယစ်ဂိုဏ်းများ၏ ခြိမ်းခြောက်မှုဒဏ်ကို ခံရသေးသည်။ အပြစ်မဲ့ပြည်သူများ အသက်ပေးရသလို ရာဇဝတ်မှုများကိုလည်း တိုးပွားမြင့်တက်စေသည်။ တည်ငြိမ်မှု၊ ငြိမ်ချမ်းမှုများလည်း ပျက်ပြားစေသည်ဖြစ်ရာ ကောင်းကျိုးမပေးသော မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ မက္ကဆီကိုနိုင်ငံ၏ အဖြစ်အပျက်များမှတစ်ဆင့် သင်ခန်းစာယူသင့်ပါကြောင်း။ ။ ***(အင်တာနက်)***

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ်ဖလားပိုင်ရှင် ဘယ်သူဖြစ်နိုင်မလဲ . . . .

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ

မက်ဒရစ် စက်တင်ဘာ ၁

ဒီနှစ်ရဲ့ ပရီမီယာလိဂ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းဗိုလ်စွဲဦးမှာ ဖြစ်တယ်လို့ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ မော်ရင်ဟိုဟာ ချယ်လ်ဆီးနည်းပြဟောင်းတစ်ဦးဖြစ်လို့ ဒီစကားမျိုးဆိုလေရော့သလား ထင်မှားစရာဖြစ်ပေမယ့် ပရီမီယာလိဂ်နည်းပြအချို့ကလည်း သူပြောတဲ့အတိုင်း ဖြစ်နိုင်ခြေများတယ်လို့ ထောက်ခံမှုပြုထားပါတယ်။

မော်ရင်ဟို

စပိန်လာလီဂါမှာ ရီးရဲမက်ဒရစ် ချန်ပီယံဖြစ်စေရမယ်လို့ ရဲရဲဝံ့ဝံ့ကတိပြု

ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟို။

ထားတဲ့ မော်ရင်ဟိုဟာ သူ့စကားအတိုင်း ရီးရဲမက်ဒရစ်အသင်းကို ပုံဖော်ပြီး စိတ်တိုင်းကျ ကိုင်တွယ်နေပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်နဲ့မစိမ်းတဲ့ နည်းပြ မော်ရင်ဟိုကို ရီးရဲမက်ဒရစ်လေ့ကျင့်ရေးကွင်းမှာ ဩဂုတ် ၃၁ရက်က သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အခါ လာလီဂါမှာ ရီးရဲမက်ဒရစ်ဗိုလ်စွဲပြီး ပရီမီယာလိဂ်မှာ ချယ်လ်ဆီးဗိုလ်စွဲမယ်လို့ ပြောကြားလိုက်ပါတယ်။ ပြိုင်ပွဲတွေ၊ အသင်းတွေရဲ့ ခြေစွမ်းကို အကဲဖြတ်တဲ့ နေရာမှာ မော်ရင်ဟိုဟာ သူများတွေထက် နှာတစ်ဖျားသာတာကတော့ အမှန်ပါပဲ။

ကြိုတင်ပြောကြား

စီးရီးအေကလပ် အင်တာမီလန်ကို ၂၀၀၉-၂၀၁၀ ဘောလုံးရာသီမှာ နည်းပြအဖြစ်ကိုင်တွယ်ခဲ့စဉ်က ရာသီအစမှာတင် သူ့အသင်းဟာ စီးရီးအေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေ ရရှိစေရမယ်လို့ ကြိုတင်ပြောကြားခဲ့ပါတယ်။ မော်ရင်ဟိုရဲ့ စကားတွေဟာ ဘောလုံး ကလောင်ရှင်တွေ၊ ပရိသတ်တွေနဲ့ နည်းပြတွေနားထဲမှာ

မန်စီးတီးနည်းပြ မန်စီနီ။

ကန့်လန့်ဖြတ်ဝင်သလို ဖြစ်ပေမယ့် လက်တွေ့မှာ ပြောတဲ့အတိုင်း စွမ်းဆောင်ပြနိုင်ခဲ့လို့ ဘယ်သူမှ မပြောသာခဲ့ပါဘူး။

ညီညွတ်

ပရီမီယာလိဂ်မှာ ချယ်လ်ဆီးတို့ ခြေစွမ်းပြနိုင်ပြီး အသင်းလိုက်နဲ့ တစ်ဦးချင်းစွမ်းဆောင်မှုတွေဟာ ဖလားကာကွယ်နိုင်တဲ့ အဆင့်အတန်းရှိကြောင်း ပြသနေတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးအသင်းရဲ့ ကစားသမားတွေဟာ စုစည်းညီညွတ်မှုအပိုင်းမှာ အားကောင်းတယ်လို့ သုံးသပ်လိုက်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဒီနှစ်မှာလည်း ဖလားရယူနိုင်စွမ်းရှိတယ်ဆိုတာ မန်ယူနည်းပြဖာဂူဆန်ကလည်း အရိပ်အမြွက် ပြောကြားနေပါတယ်။ မိမိတို့မန်ယူအသင်းဟာ ပရီမီယာလိဂ်ဖလားရယူရေးအတွက် ဒီနှစ်ဘောလုံးရာသီမှာ အဓိကအနေနဲ့ ချယ်လ်ဆီးကို ဖြတ်ကျော်ရမှာဖြစ်ပါတယ်လို့ ပြောကြားနေပါတယ်။

ခက်ခဲမည်

မန်စီးတီးနည်းပြ မန်စီနီကတော့ "ဒီနှစ်ပရီမီယာလိဂ်ဖလားဟာ ချယ်လ်ဆီး၊ မန်ယူနဲ့ အာဆင်နယ်အသင်းတွေထဲက တစ်သင်းသင်းရဖို့ များမယ်လို့ထင်တယ်။ မန်စီးတီးကတော့ မနှစ်ကထက် ရလဒ်ပိုကောင်းအောင်နဲ့ ရပ်တည်မှု ပိုမြင့်မားအောင်ကြိုးစားဖို့အတွက် ခက်ခဲမှုရှိမယ်" လို့တော့ ကြိုတင်သုံးသပ်ထားပါတယ်။ "ဒါကလည်း ကျွန်တော်တို့ အစွမ်းကုန်

မန်ယူနည်းပြဖာဂူဆန်။

ကြိုးစားသွားမှာမို့ အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်အောင် စနစ်တကျ ပြင်ဆင်ပြီး ပြိုင်ပွဲဝင်သွားမှာပါ" လို့ မန်စီးတီးအသင်းရဲ့ အနေအထားနဲ့ ပရီမီယာလိဂ်ဖလားအပေါ် သုံးသပ်သွားပါတယ်။

ဒါကြောင့် ထိပ်တန်းနည်းပြတွေ မှန်းထားသလို ပရီမီယာလိဂ်ဖလားပိုင်ရှင်အစစ်အမှန် ဘယ်သူဖြစ်မလဲဆိုတာ ရာသီကုန်အထိ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။ **(အင်တာနက်)**

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး တင်းနစ်အားကစားသမားများ

မြင့်မောင်စိုး - ရေးသားသည်

လန်ဒန် စက်တင်ဘာ ၁

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး တင်းနစ်ကစားသမားများစာရင်းကို ဖောဘတ်မဂ္ဂဇင်းက ထုတ်ပြန်ခဲ့ရာ ကမ္ဘာ့နံပါတ် (၂)တင်းနစ်ကစားသမား ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒဲယားသည် ဝင်ငွေအကောင်းဆုံး တင်းနစ်ကစားသမားဖြစ်လာသည်။

ပထမ

သူသည် လွန်ခဲ့သော ၁၂လက တင်းနစ်ကစားခြင်းဖြင့် အမေရိကန်ဒေါ်လာ ၄၃သန်း ဝင်ငွေရခဲ့သည်။


ကမ္ဘာ့နံပါတ်(၂)တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယား။

တင်းနစ် ကစားသမားများတွင် ဝင်ငွေအကောင်းဆုံး ဖြစ်သည်။

ဒုတိယ

ဒုတိယ ဝင်ငွေအကောင်းဆုံးမှာ ရုရှား တင်းနစ်အားကစားမယ် မာရီယာ ရှာရာပိုဗာဖြစ်သည်။ သူမ၏ လွန်ခဲ့သည့် ၁၂လအတွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၄ဒသမ၅သန်းရှိသည်။ သူမ၏ လက်ရှိ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ အဆင့် ၁၆တွင် ရှိနေသည်။ ၄င်းသည် ယခင်က ကမ္ဘာ့နံပါတ်တစ်နေရာသို့ ရောက်ခဲ့ဖူးသူဖြစ်သည်။ သူမသည် အားကစားမှရသည့်ငွေထက် ကြော်ငြာမှရသည့်ငွေ ပိုများသည်။

တတိယ

တတိယ ဝင်ငွေအကောင်းဆုံးမှာ စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ဖြစ်သည်။ ၄င်း၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၁သန်းရှိသည်။

ကမ္ဘာ့အဆင့်(၄)ရှိ အင်ဒီမာရေး။

၄င်း၏ လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ နံပါတ်(၁)နေရာတွင် ရှိသည်။

စတုတ္ထ

အမေရိကန် တင်းနစ်အားကစားမယ် ဆီရီနာဝီလျံသည် စတုတ္ထဝင်ငွေ အကောင်းဆုံး တင်းနစ်အားကစားသမားဖြစ်သည်။ သူမ၏ဝင်ငွေမှာ လွန်ခဲ့သည့် ၁၂လအတွင်း အမေရိကန် ဒေါ်လာ သန်း ၂၀ ရခဲ့သည်။ သူမသည် ကမ္ဘာ့နံပါတ်(၁) တင်းနစ်အားကစားမယ်ဖြစ်သည်။

ပဥ္စမ

ဆီရီနာဝီလျံ၏ အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံမှာ ပဥ္စမမြောက်ဝင်ငွေအကောင်းဆုံးဖြစ်သည်။ သူမသည် တစ်နှစ်တာအတွင်း ဒေါ်လာ ၁၅သန်း ဝင်ငွေရခဲ့သည်ဆို၏။ ၄င်းသည် ကမ္ဘာ့အဆင့် (၄) တင်းနစ်မယ်ဖြစ်သည်။

ဆဋ္ဌမ

ဆဋ္ဌမမြောက် ဝင်ငွေအကောင်းဆုံးမှာ အမေရိကန်တင်းနစ်ကစားသမား အင်ဒီရော့ဒစ်ဖြစ်သည်။ ၄င်းသည် အမေရိကန်ဒေါ်လာ ၁၄သန်း ဝင်ငွေရှိသည်။ အင်ဒီရော့ဒစ်သည် ကမ္ဘာ့အဆင့် ၉သာရှိသည့် တင်းနစ်ကစားသမားဖြစ်သည်။

သတ္တမ

သတ္တမ ဝင်ငွေအကောင်းဆုံးမှာ ဆားဘီးယား တင်းနစ်ကစားသမား နိုဗတ်ဒီဂျိုကိုဗစ် ဖြစ်သည်။ ၄င်း၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀သန်းရှိသည်။ ၄င်းနှင့်အတူ ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးကလည်း

ဆားဘီးယား တင်းနစ်မယ် အီဗာနိုဗစ်။

ဒေါ်လာ ၁၀သန်း ဝင်ငွေရှိသည်။ အင်ဒီမာရေးသည် ကမ္ဘာ့အဆင့်(၄) ရှိ တင်းနစ် ကစားသမားဖြစ်သည်။

နဝမ

နဝမမြောက် ဝင်ငွေအကောင်းဆုံး တင်းနစ်ကစားသမားမှာ ဆားဘီးယား တင်းနစ်မယ် အီဗာနိုဗစ်ဖြစ်သည်။ ၄င်းသည် ဒေါ်လာ ခုနစ်သန်း ဝင်ငွေရှိသည်။

ဒသမ

ဒသမ ဝင်ငွေအကောင်းဆုံးမှာ ဆားဘီးယားတင်းနစ်မယ် ဂျန်ကိုဗစ်ဖြစ်ပြီး ဒေါ်လာ ငါးသန်း ဝင်ငွေရှိသည်။

ဆားဘီးယား တင်းနစ်မယ် ဂျန်ကိုဗစ်၏ ကစားဟန်။

အဆိုပါ တင်းနစ်ကစားသမား ၁၀ဦး၏ ဝင်ငွေများမှာ လွန်ခဲ့သည့် ၁၂လအတွင်း ဆုကြေးငွေနှင့် ကြော်ငြာလုပ်ငန်းများမှ ရရှိခဲ့သည့် ငွေများဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

❖ ကောင်းမြတ်သူ - ရေးသားသည် ❖

လီဗာပူးကစားသမား မာရှေယာနို ဘာစီလိုနာ ကစားသမားဖြစ်ပြီ

ဘာစီလိုနာ စက်တင်ဘာ ၁

လီဗာပူး ကွင်းလယ်ကစားသမား မာရှေယာနိုသည် လီဗာပူးမှ ဘာစီလိုနာသို့ ပေါင် ၁၇ဒသမ ၂၅သန်းဖြင့် ပြောင်းရွှေ့ခဲ့ရာ ဩဂုတ် ၃၀ရက်က ဆေးစစ်မှုခံယူကာ စာချုပ်မှု ပြီးစီးသွားပြီဖြစ်သည်။

ပြောင်းရွှေ့

အသက် ၂၆နှစ်ရှိ အာဂျင်တီးနားအသင်းခေါင်းဆောင် မာရှေယာနိုသည် ၂၀၀၇ခုနှစ်က ဝက်စ်ဟမ်းမှ လီဗာပူးသို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။ လီဗာပူးနှင့် လေးနှစ်စာချုပ်ခဲ့သည်။ မိမိအနေဖြင့် နာမည်ကြီးအသင်းတွင် နာမည်ကြီး ကစားသမားများနှင့်အတူ ကစားရမည်ဖြစ်၍ ပျော်ရွှင်မိကြောင်း မာရှေယာနိုက ဘာစီလိုနာအသင်းနှင့် စာချုပ်ချုပ်ဆိုအပြီးတွင် ပြောကြားသည်။ **(အင်တာနက်)**

ဖူလ်ဟမ်မှ ကွန်ချက်စကီးအား လီဗာပူး ခေါ်ယူမည်

လန်ဒန် စက်တင်ဘာ ၁

ဖူလ်ဟမ် နောက်တန်းကစားသမား ပေါလ်ကွန်ချက်စကီးအား စာချုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း လီဗာပူးနည်းပြ ရွိုင်းဟော့ဂ်ဆင်က ပြောကြားသည်။

ညှိနှိုင်း

အသက် ၂၉နှစ်အရွယ်ရှိ ကွန်ချက်စကီးသည် လီဗာပူးသို့ အရန်တိုက်စစ်မှူး လော်ရီဒယ်လာဗယ်လီနှင့်အတူ ပြောင်းရွှေ့ဖွယ်ရှိသည်။ ကွန်ချက်စကီးသည် ၂၀၀၇ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ ဖူလ်ဟမ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး လေးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ လီဗာပူးနည်းပြအနေဖြင့် ကွန်ချက်စကီးအား ခေါ်ယူနိုင်ရေး ညှိနှိုင်းလျက်ရှိသည်။ **(အင်တာနက်)**

အာဆင်နယ် တိုက်စစ်မှူးဗန်ပါစီ သုံးပတ်ကြာနားရမည်



လန်ဒန် စက်တင်ဘာ ၁

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီသည် ခြေချင်းဝတ် ထိခိုက်အနာတရဖြစ်ပွားသဖြင့် သီတင်းသုံးပတ်ခန့် အနားယူရလိမ့်မည်ဖြစ်ကြောင်း ၄င်းကလပ်က ပြောကြားသည်။

အသက် ၂၇နှစ်ရှိ တိုက်စစ်မှူးဗန်ပါစီသည် ဩဂုတ် ၂၈ရက်က အာဆင်နယ်နှင့် ဘလက်ဘန်းအသင်းတို့ကစားစဉ် ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ဗန်ပါစီသည် ဟော်လန်အသင်း၏ ယူရိုခြေစစ်ပွဲများနှင့်လည်း လွဲချော်နိုင်ဖွယ်ရှိသည်။ နယ်သာလန်အသင်းသည် ဆန်မာရီယိုအသင်းနှင့်လည်းကောင်း၊ ဖင်လန်အသင်းနှင့်လည်းကောင်း ယူရို ၂၀၁၂ ခြေစစ်ပွဲ ကစားရန်ရှိသည်။

(အင်တာနက်)

ယူအက်စ်အိုးပင်းတင်းနစ် ဗီးနပ်စ်နှင့် ကလစ္စတား စတင်နိုင်ပွဲရ

နယူးယောက် စက်တင်ဘာ ၁

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဖလတ်ရှင်းမီယာဒိုးစ်၌ ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားလျက်ရှိရာ ချန်ပီယံနှစ်ကြိမ်ဖြစ်ဖူးသည့် ဗီးနပ်စ်ဝီလျံနှင့် လက်ရှိချန်ပီယံ ကလစ္စတားတို့ ဖွင့်ပွဲနေ့ ဩဂုတ် ၃၁ရက်က ပြိုင်ဘက်များကို အသီးသီးအနိုင်ရခဲ့ကြသည်။

ဗီးနပ်စ်ဝီလျံက အီတလီမှပြိုင်ဘက် ရိုဘာတာဗင်စီကို ၆-၄၊ ၆-၁ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဘယ်လ်ဂျီယံတင်းနစ်မယ်ကလစ္စတားက ဩစတြေးလျ တင်းနစ်မယ် ဂရီသာအာကို ၆-၀၊ ၇-၅ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

သတ္တာ

ရတနာဆိုင်

သတ္တာတရားကိုလက်ကိုင်ထား၍ (DENSITY 17.8) ... ပြုလုပ်ထားသော ...

- မှန်ကန်သော ရွှေရည်နှုန်း
- အထူးချိုသာသော အလျော့တွက်
- တိကျသော အလေးချိန် (DIGITAL ချိန်ခွင်)

တို့ဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။ (ပိတ်ရက်မရှိ ဆိုင်ဖွင့်ပါသည်။)

အမှတ် (၄၃၆) မဟာဗန္ဓုလလမ်း ၂၉-လမ်းထိပ် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့

ဖုန်း - ၀၁-၃၇၃၇၈၆၆၊ ၂၅၂၁၁၁၊ ၀၉-၈၀ ၂၉၇၀

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၄၀၂၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁၄/နေဖ(နိုင်) ၁၄၃၇၈၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)၊မအူပင်မြို့။**

ဖခင်အမည်မှန်

ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးငွေဝင်း ၅/ခဥတ (နိုင်)၀၀၉၅၉၆ ဖြစ်ပါကြောင်း။ **ဦးငွေဝင်း။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၂၇၆၀၁ လက်ဝယ်ရှိသူ ဦးစိုးသီဟ ၁၂/ရပသ(နိုင်)၀၅၈၉၈၃ က (ကမ-၃)ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ (ခရိုင်ရုံး)၊ တောင်ငူ။

ဖခင်အမည်မှန်

ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(A)မှ မသန္တာထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၅/ခဥတ (နိုင်) ၀၀၆၀၆၆ ဖြစ်ပါကြောင်း။ **ဦးအောင်မိုး။**

ဖခင်အမည်မှန်

ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဇေယျာဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၅/ခဥတ(နိုင်)၀၀၀၉၈၆ ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်။**

ဖခင်အမည်မှန်

ချောင်းဦးမြို့ အထက နဝမတန်း (A)မှ မချစ်စုဝင်း၏ဖခင် အမည်မှန်မှာ ဦးလှငွေ ၅/ခဥတ(နိုင်) ၀၀၄၃၂၈ ဖြစ်ပါကြောင်း။ **ဦးလှငွေ။**

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့်ပုဒ်မ- ၁၁၅)

တရားရုံးချုပ်၊ ရန်ကုန်မြို့

၂၀၁၀ခုနှစ် တရားမပြင်ဆင်မှုအမှတ် -၁၉၅

ဦးသန့်ဇင်	နှင့်	ဦးသန့်ဇင်ထွန်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးရဲနောင်ထွန်း ပါ-၂)
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

၂၀၁၀ခုနှစ် ဧပြီ ၂၃ရက် ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ တရားမကြီးမှုအမှတ် ၂၁၈/၂၀၁၀၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူ ၂။ ဦးမောင်မောင် အမှတ်၁၅၊ ပြည်လမ်းနှင့် ဝိဇ္ဇာညီနောင်လမ်းထောင့်၊ (၅)ရပ်ကွက်၊ ၉မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ အမိန့်မှပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်သိန်းက တင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်လျှောက်လွှာကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီတွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားရုံးချုပ်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကိုဆုံးဖြတ်လိမ့်မည်။

၂၀၁၀ခုနှစ် ဩဂုတ် ၂၇ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်ဖြူဖြူသွယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ-၃၊ ဌာနစု-၄၊ တရားရုံးချုပ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်းသွယ်(၄)၊ အမှတ် (ဇ-၄၇)ဟုခေါ်တွင်သော မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်နေထိုင်သူများဖြစ်သော ဒေါ်မြင့်မြင့်သန်း ၁၂/မရက(နိုင်)၀၈၄၆၃၃ပါ ရှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၄င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မင်းနိုင်
LL.B, C.B.L, WIPO-DL-101(GENEVA)
အထက်တန်းရှေ့နေ(စဉ်-၂၅၄၀၇)
အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၀၀၃၂၂။

San Shan Education Center

တရုတ်ဘာသာစကားကို အထိရောက်ဆုံးနှင့် အတတ်မြောက်ဆုံးသင်ကြားပေးသည်-

1. **Basic Chinese Speaking**
   (Mon, Wed) 6;15 to 7;45 pm (4-10-2010)
   (Mon, Wed, Fri) 7;00 to 8;15 Am (15-9-2010)
2. **Business Chinese**
   (Mon, Wed, Fri) 7;00 to 8;15 Am (6-9-2010)
3. **Elementary Chinese**
   (Mon, Wed) 6;00 to 7;30 pm (6-9-2010)
4. **Pre-Intermediate Chinese**
   (Tue, Thu) 6;00 to 7;30pm (7-9-2010)
5. **Basic Chinese**
   (Tue, Thu) 6;00 to 7;30pm (7-9-2010)

No(137) 21st street, Upper Block
Latha, Yangon.
Ph:01-73048157 (9;00 Am to 5;00Pm)
01-395866 (5;30 Pm to 7;00Pm)

အယူတော်ခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ကြားသိစေသည့်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရန်ကုန်တိုင်းဒေသကြီးတရားရုံးတော်၌၊ ၂၀၁၀ခုနှစ် တရားမအယူခံမှုအမှတ်-၁၈၀

ဒေါ်မြင့်ငွေး	နှင့်	၁။ ဒေါ်ခင်ကျော့ကျော့ဦး
		၂။ ဒေါ်သန္တာစိုး
အယူခံတရားလို		**အယူခံတရားပြိုင်များ**

၂၀၁၀ခုနှစ် စက်တင်ဘာ ၉ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ စီရင်ချက်နှင့်ဒီကရီကို အယူတော်ခံမှု။

အမှတ်(၁/က)၊ ဝေဇယန္တာဥယျာဉ်ရိပ်သာ ၁ လမ်း၊ သဃ်န်းကျွန်းမြို့နယ်(ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်ခင်ကျော့ကျော့ဦးနှင့် အမှတ်၆၆၊ အပေါ်ထပ်၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်(ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်သန္တာစိုးတို့ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို ဒေါ်မြင့်ငွေးကအယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၀ရက်(၁၃၇၂ခုနှစ် တော်သလင်းလဆန်း ၂ရက်) နံနက်၁၀နာရီတွင် ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်၄၁၊ နည်းဥပဒေ၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၁၀ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်နွယ်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ငွေကျပ်သိန်း ၅၃၀ ကျော်ကုန်ကျသော နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ရက်က နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီဆောင်၌ ကျင်းပရာ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကြာညိုက မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်ထံ ကျောင်းနှင့် ပတ်သက်သော စာရင်းဇယားများ လွှဲပြောင်းပေးအပ်စဉ်။(၀၉၁)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ စဉ့်ကိုင်ညောင်ပင်သာကျေးရွာ စာကြည့်တိုက်၌ကျင်းပ

စဉ့်ကိုင် ဩဂုတ် ၂၄

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပြစက်လှူဒါန်းပွဲနှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် ညနေ ၅နာရီက ညောင်ပင်သာကျေးရွာ အေးချမ်းသာစာကြည့်တိုက်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက ၂၃၀၀၀တန်ဖိုးရှိ ပြစက်ကို ညောင်ပင်သာကျေးရွာ အေးချမ်းသာစာကြည့်တိုက်မှူး ဦးဝင်းနိုင်ထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စာပေလေ့လာ ဖတ်ရှုခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေထွေလာ

ပခုက္ကူ ဩဂုတ် ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အမျိုးသမီး အိမ်တွင်းမှုလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ) ၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွင်ကိုဦး**(အပေါ်ပုံ)** က အမှာစကားပြောကြားပြီး သင်တန်းနှင့် ပတ်သက်၍ ကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းက ရှင်းလင်းပြောကြားသည်။

အခြေခံအိမ်တွင်းမှုနှင့် စက်ချုပ်သင်တန်းဖွင့်

တက်ရောက်

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး အသင်းဝင်များ၊ သင်တန်းနည်းပြနှင့်သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလခွဲ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၀၇၀)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ဒီပဲယင်း ဩဂုတ် ၂၈

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လင်း၊ ခတ်ပုံကျွမ်းကျင်(၂) ဦးသိန်းထွန်းအောင်တို့ ဩဂုတ်၁ရက် မွန်းလွဲ၁နာရီက တက်ခေါင်းကျေးရွာ စာချစ်သူစာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ စာဖတ်ဝါသနာရှင်များနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဟောပြောဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူးက သုတ၊ ရသနှင့် မဂ္ဂဇင်းစာအုပ် ၅၀ကို လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးသိန်းဆောင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အမှတ်(၁)၌ ပျိုးပင်အသစ်များ ပျိုးထောင်စိုက်ပျိုးနေမှုကို ဩဂုတ် ၄ရက်က အမှုဆောင်အရာရှိ ဦးလှဖော်ဇံက စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စန်းစန်းအေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၉၀)အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

တင်ပြ

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ (၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၃)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁

ပဲခူးမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၁၂စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာနိုင်ငံစာစစ်အဖွဲ့က ကြေညာချက်ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့က ယနေ့ရက်စွဲဖြင့် ၂၀၁၁ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲနှင့်စပ်လျဉ်း၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် ကြေညာချက်ထုတ်ပြန်သည်။

ရောင်းချပေးမည်

အဆိုပါကြေညာချက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးတွင် ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၆ရက်မှစတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း။

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် (၂)၊ (၃)၊ (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားကြောင်း။

တင်သွင်း

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၆ရက်မှ အောက်တိုဘာ ၁၅ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ကြောင်း။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၆ရက်မှ အောက်တိုဘာ၂၉ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁